# ကြေးမုံ
The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့၊ (12-9-2015) (၈၃၂၀)


## အေးစေ မြစေ မေတ္တာရေ

❁ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။

❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။

❁ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။

❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။

❁ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။

❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။

❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။

❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။

❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။။

စံကင်းဆရာတော်



# မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် ဆင်ဘေးမဲ့တောထူထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး


စာမျက်နှာ - ၃


## နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မော်တော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ်များဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံတွင်းသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မော်တော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ် ခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်လျက်ရှိသည်။

Shwe Sin Yeik Ngyein International Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဩစတြေးလျ နိုင်ငံသားဧည့်သည်နှစ်ဦးသည် မော်တော်ဆိုင်ကယ် နှစ်စီးဖြင့် ဩဂုတ် ၂၅ ရက်တွင် မြဝတီမြို့မှ ဝင်ရောက်လာပြီး ကျိုက်ထီးရိုး၊ ရန်ကုန်၊ နေပြည်တော်၊ အင်းလေး၊ ပင်းတယ၊ အင်းဝ၊ မင်းကွန်း၊ မန္တလေး၊ ပုပ္ပား၊ ပုဂံ၊ မုံရွာ၊ ကလေးမြို့တို့သို့ သွားရောက်လည်ပတ်ကာ စက်တင်ဘာ ၅ ရက်တွင် တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် မင်္ဂလာရှုခင်း ခရီးသွားကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အိန္ဒိယ နိုင်ငံသူသုံးဦးသည် မော်တော်ယာဉ်တစ်စီးဖြင့် တမူးမြို့မှ ဝင်ရောက်လာပြီး ကလေး-ဂန့်ဂေါ-မုံရွာ-စစ်ကိုင်း-မန္တလေး-ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-သီပေါ - လားရှိုး - သိန်းနီ - ကွတ်ခိုင်မြို့တို့သို့ သွားရောက်လည်ပတ်ကာ စက်တင်ဘာ ၆ ရက်တွင် မူဆယ်မြို့မှ တရုတ်နိုင်ငံသို့ လည်းကောင်း အသီးသီး ပြန်လည်ထွက်ခွာသွားသည်။


စာမျက်နှာ ၃ ကော်လံ ၅ သို့ ❑


# ကလေးမြို့နယ်အတွင်းရှိ ရေပေးမြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

ကလေး စက်တင်ဘာ ၁၁

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောရေပေးမြောင်းနှင့် ရေနုတ်မြောင်းများကို ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်ပေးခဲ့ရာ စက်တင်ဘာ ၆ ရက်က လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ကျေးလက်ဒေသများရှိ လယ်ယာမြေများအတွက် ရေစီးရေလာကောင်းမွန်ပြီဖြစ်ကြောင်း သိရသည်။**


စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖







ကြေးမုံ စာ တည်း ရှု ထောင့် ၁၂-၉-၂၀၁၅၊ စနေနေ့

# သန့်ရှင်းလွတ်လပ်မျှတ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းတွင် မကြာမီကျင်းပတော့မည်ဖြစ်သည်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံတွင် ၂၀၁၁ မှစတင်၍ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ မကြာမီကာလတွင် အလွန်အရေးကြီးသည့် လုပ်ငန်းအဆင့်တစ်ဆင့်သို့ တက်လှမ်းတော့မည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်နှင့် အဖွဲ့အစည်းများအားလုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။ ယင်းဆောင်ရွက်ချက်သည် မြန်မာနိုင်ငံရှိ ပြည်သူများအားလုံး၏ ဆန္ဒနှင့် မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေးတာဝန်ကျေပွန်မှုကို ထင်ဟပ်ဖော်ပြပေးမည့် အမျိုးသားရေးလှုပ်ရှားမှုလည်းဖြစ်သည်။

အထူးသဖြင့် အခြေခံကျသည့် နိုင်ငံသားတာဝန်ဖြစ်သော ဆန္ဒမဲပေးခြင်းတာဝန်ကို မပျက်မကွက်ထမ်းဆောင်ကြရမည့် အခြေခံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ မဲဆန္ဒပေးကြသောအခါတွင် နိုင်ငံနှင့်ပြည်သူလူထုကို အမှန်တကယ်ကိုယ်စားပြုမည့်၊ ပြည်သူလူထု၏ လိုလားချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည့် အရည်အချင်းရှိသည့် ပြည်သူ့ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်ပေးဖို့ အထူးလိုအပ်ပေသည်။

သို့မှသာ ပြည်သူအားလုံး၏ မျှော်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီထွန်းကားပြီး ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများမှတစ်ဆင့် ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဖြစ်သည်။ ယခုအခါ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခြင်း စတင်လုပ်ကိုင်ဆောင်ရွက်နေကြသည်ကိုတွေ့ရသည်။

ရွေးကောက်ပွဲတွင် အောင်နိုင်ရေးအတွက် ကိုယ်စွမ်းရှိသမျှ ပြိုင်ဆိုင်ကြခြင်းကို အားလုံးလက်ခံကြပြီး ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ချမှတ်ထားသည့် မူဘောင်၊ စည်းမျဉ်းစည်းကမ်းများအတွင်း ဒီမိုကရေစီနည်းလမ်းတကျ မဲဆွယ်စည်းရုံးခြင်းများအား အသိအမှတ်ပြု လက်ခံကြိုဆိုရမည်သာဖြစ်သည်။ ကိုးကွယ်ရာ ဘာသာစုံ၊ လူမျိုးပေါင်းစုံ၊ ဓလေ့ထုံးတမ်းပေါင်းစုံဖြစ်ထွန်းရာ မြန်မာနိုင်ငံတွင် နိုင်ငံ၏လူမှုသဟဇာတဖြစ်ထွန်းမှုနှင့် ကွဲပြားခြားနားမှုများအပေါ် ထိခိုက်နစ်နာမှုဖြစ်စေနိုင်မည့်အချက်များကိုမူ ကြိုတင်သတိပြု ရှောင်ရှားကြရမည်ဖြစ်သည်။ ထို့အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားစေမည့် အပြုအမူ အပြောအဆိုများကိုလည်း သတိပြုရှောင်ကြဉ်ကြရမည်ဖြစ်သည်။

အချင်းချင်းအမုန်းပွားစေခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ ဝေဖန် တိုက်ခိုက်ခြင်းများအား ပြုမူဆောင်ရွက်ခြင်း မပြုလုပ်မိစေဘဲ မိမိတို့ကိုယ်စားပြုသော ပြည်သူများ၏ အနာဂတ်အိပ်မက်များဖြစ်သော မြန်မာနိုင်ငံသစ်အတွက် ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များပါဝင်သည့် လှုပ်ရှားဆောင်ရွက်မှုများ၊ စေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းကို အခြေခံသည့် နိုင်ငံရေးယဉ်ကျေးမှု ဆက်လက်ရှင်သန်နေစေမည့် လုပ်ဆောင်မှုများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သန့်ရှင်းပြီး လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန်အတွက် နိုင်ငံတော်အပိုင်းကလည်း ပါဝင်ကူညီဆောင်ရွက်သွားမည်ဟုကြားသိရသည်။ ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲအပြီး ကြားကာလများတွင် နိုင်ငံရေးတည်ငြိမ်မှုရှိစေပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပေါ်ပေါက်လာမည့် နိုင်ငံရေးအခင်းအကျင်းအသစ်ကို ညင်သာစွာအသွင်ကူးပြောင်းနိုင်စေရန် ကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံနှင့်ပြည်သူများအပေါ်တွင်ထားရှိသည့် စေတနာရင်းအမှန်များပင်ဖြစ်သည်။

ယနေ့နိုင်ငံရေးအခင်းအကျင်းများသည် နိုင်ငံတော်၏မှန်ကန်သည့် ပကတိ ဆောင်ရွက်ချက်များဟု ဆိုနိုင်ပါသည်။ ကျင်းပတော့မည့် ရွေးကောက်ပွဲများနှင့် ပတ်သက်၍ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာလေ့လာရေးအဖွဲ့များအား ရွေးကောက်ပွဲဖြစ်စဉ်များကို လေ့လာစောင့်ကြည့်နိုင်ရန် ခွင့်ပြုပေးထားပြီးဖြစ်ရာ သန့်ရှင်းလွတ်လပ်မျှတသည့် ရွေးကောက်ပွဲများဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။ ။



# အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

မြို့ပြဖွံ့ဖြိုးလာမှုကြောင့် နေထိုင်မှုအဆင့်အတန်းသည် အခန်းကဏ္ဍတစ်ခုဖြစ်လာခဲ့သည်။ တိုးတက်လာသည့်လူဦးရေနှင့်အတူ အိမ်ရာအဆောက်အအုံ လိုအပ်မှုများအတွက် နိုင်ငံတော်အစိုးရနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်တို့က ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာများ၊ တည်ဆောက်ပြီးစီမံကိန်းများ၊ တည်ဆောက်ဆဲစီမံကိန်းများ၊ ထပ်မံတည်ဆောက်မည့် အိမ်ရာစီမံကိန်းများအား ခေတ်မီလှပဆန်းသစ်သော ဒီဇိုင်းပုံစံငယ်များဖြင့် စိတ်ဝင်စားစရာ ခင်းကျင်းပြသသည့် တတိယအကြိမ် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၅ (The 3rd Housing & Living 2015)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ယမန်နေ့နံနက်က ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ပြပွဲတွင် အိမ်ရာအဆောက်အအုံ အရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သန့်ရှင်းရေးနှင့်မီးဖိုချောင်သုံး အထွေထွေပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းများ၊ ကြမ်းခင်းပစ္စည်းများ၊ ခေတ်မီပရိဘောဂ ပစ္စည်းများကို ကုမ္ပဏီ ၆၀ မှ ပြခန်းပေါင်း ၁၂၀ ဖြင့် ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လေးရက်ကြာ အခမဲ့ပြသမည်ဖြစ်သည်။

အထူးအစီအစဉ်အဖြစ် အောင်မြင်နေသော အိမ်၊ ခြံ၊ မြေ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များက ၎င်းတို့၏ အတွေ့အကြုံ ဗဟုသုတများကို နေ့စဉ် နံနက် ၁၀ နာရီခွဲ၊ မွန်းလွဲ ၁ နာရီခွဲ တစ်ကြိမ်စီ အသီးသီးဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ပြပွဲကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ Prime Living Mall နှင့် MKT Construction Company Limited မှ ဒါရိုက်တာ ဦးမင်းခန့်သော်၊ Uni Asia Company Limited မှ Chairman Mr. Lim နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းအတွင်း လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။ **(ကြေးမုံ)**




## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာမည်။
မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊
သို့မှသာ မှန်ကန်သည့် မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။
မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၁**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၃၄၀၀ - ၇၆၄၄၀၀ | |
| မန္တလေး | ရွှေဈေး | ၇၆၃၄၀၀ - ၇၆၄၄၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၇. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁. ၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၆၂၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၇. ၅၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၄၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၁. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၂၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၇. ၁၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြတ်နှာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးမွှား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့သီရိ

# မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် ဆင် ဘေးမဲ့တောထူထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် Four Paws International ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ဟဲမက်ဒန်ကာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ရေဘေးသင့်သည့် နေရာဒေသများတွင် တိရစ္ဆာန်များကို ကယ်ဆယ်စောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိနေသည့် လုပ်ငန်းအခြေအနေဆိုင်ရာများ၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့် ဆင်ဘေးမဲ့တော ထူထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများအား ဆွေးနွေးကြသည်။

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးအေးမြင့်မောင်နှင့် ဒေါ်စုစုလှိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထမ်းဆောင်ရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အရည်အချင်းရှိသည့် လူတော်လူကောင်းများဖြစ်ရန်လို

**ရန်ကုန် စက်တင်ဘာ ၁၁**

လွတ်လပ်သောရွေးကောက်ပွဲများဆိုင်ရာ အာရှကွန်ရက်(ANFREL) က ကျင်းပသည့် Myanmar Editors' Forum ကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံတကာသံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ANFREL မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများမှတာဝန်ရှိသူ ၆၀ တက်ရောက်ကြသည်။**(ယာပုံ)**




အစီအစဉ်အရ ANFREL မှ Mr. Damaso Magbual နှင့် မြန်မာဂျာနယ်လစ်ကွန်ရက်မှ ဦးဇေယျာလှိုင်တို့က ဖိုရမ်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပရန် ကြေညာထားပြီး နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှလည်း နိုင်ငံရေးပါတီများ၏ မူဝါဒများကို ထုတ်လွှင့်ဖော်ပြပေးလျက်ရှိကြောင်း၊ ပြည်သူလူထုကလည်း ၎င်းတို့ရွေးချယ်ရမည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများကို ပါတီများ၏မူဝါဒများ အပေါ်အခြေခံပြီး မိမိနယ်မြေဒေသနှင့် နိုင်ငံတော်အကျိုးအတွက် မည်သူတွေက ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုသည်ကို နှိုင်းယှဉ်လေ့လာနေကြမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူလူထု၏ အချုပ်အခြာအာဏာကို နိုင်ငံတစ်ဝန်း ပျံ့နှံ့စေရန်အတွက် လူထုကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ပြီး လူထုကိုယ်စားလွှတ်တော်အတွင်း ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍအသီးသီး အလိုက် ဆောင်ရွက်နိုင်ရန် လူထုဆန္ဒအရ ရွေးချယ်တင်မြှောက်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် အလွန်ပင်အရေးကြီးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထမ်းဆောင်ရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အရည်အချင်းရှိသည့် လူတော်လူကောင်းများဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထုကလည်း လူတော်လူကောင်းများကို နှလုံးသားနှင့် ဦးနှောက်ပေါင်းစပ်ပြီး ရွေးချယ်တင်မြှောက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ရွေးချယ်နိုင်ရန် မီဒီယာများသည် ပါတီများ၏မူဝါဒများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်း၊ ဟောပြောကတိပြုချက်များကို ထုတ်လွှင့်ဖော်ပြရာတွင် ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် မျှမျှတတ ဖော်ပြရန်လိုကြောင်း၊ လူထုအနေဖြင့် မှန်မှန်ကန်ကန်ရွေးချယ်နိုင်ရန် မီဒီယာများက မှန်မှန်ကန်ကန် သတင်းပေးရန်လိုကြောင်း။

စက်တင်ဘာလ ၁၄ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲစာရင်းကပ်ထား ကြေညာမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရာနှုန်းပြည့်ပူးပေါင်းဆောင်ရွက်ရေးအတွက် မီဒီယာများက တက်တက်ကြွကြွ အသိပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်း အောင်မြင်စွာ ကျင်းပနိုင်ရေးသည် လွန်စွာအရေးကြီးရာ မီဒီယာများ၏ရေးသားထုတ်လွှင့်ဖော်ပြမှုများအပေါ်တွင် များစွာ တည်မှီလျက်ရှိကြောင်း၊ သတင်းမီဒီယာများအနေဖြင့် ကျင့်ဝတ်နှင့်အညီဆောင်ရွက်ပြီး မှန်မှန်ကန်ကန်မျှမျှတတ ရေးသားထုတ်လွှင့်ဖော်ပြမှုသာ အထောက်အကူပြုမည်ဖြစ်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နော်ဝေသံအမတ်ကြီး H.E. Ms. Ann Ollestad က ရွေးကောက်ပွဲအတွက် မီဒီယာများ၏ အခန်းကဏ္ဍအရေးကြီးပုံနှင့် မီဒီယာများ၏ သတင်းဖော်ပြချက်များသည် နိုင်ငံတစ်ခုအတွက် အဆိုးအကောင်းဖြစ်ပေါ်စေနိုင်ကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေးနှင့် မီဒီယာများ၏ကဏ္ဍ မြှင့်တင်ရေးအတွက် ကူညီဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ရွေးကောက်ပွဲများဆိုင်ရာ အစီရင်ခံခြင်းနှင့် စပ်လျဉ်း၍ Ms. Suhasini Haider နှင့် Mr. Hamzirwan Hamid တို့က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များအား မေးမြန်းကြသည်။

**(သတင်းစဉ်)**

**❑ နယ်စပ်မှ**

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မိုးရာသီကာလဖြစ်သော်လည်း မြန်မာနိုင်ငံသို့ စဉ်ဆက်မပြတ်ဝင်ရောက်လည်ပတ်၍ ရှေးဟောင်းယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝအလှအပရှုခင်းများနှင့် လက်မှုပညာရပ်များကို လာရောက်လေ့လာကြရာ၌ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ ပြည်ပမော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်စီးခရီးစဉ်များဖြင့် လည်းကောင်း လာရောက်လည်ပတ်မှုများ တိုးတက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ ကလေးမှ**

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးသည့် ရေပေးမြောင်းနှင့် ရေနုတ်မြောင်းများမှာမြောင်းငါးမွှာရေပေးမြောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများတွင် ထိုမာကျေးရွာရေပေးမြောင်း ကျင်း ၃၀၀၀၊ ထောက်ကြန့်ကျေးရွာရေပေးမြောင်း ကျင်း ၃၂၀၀၊ သာစည်ကျေးရွာရေပေးမြောင်း ကျင်း ၂၉၀၀၊ ကျောင်းတိုက်ကျေးရွာရေပေးမြောင်း ကျင်း ၁၈၀၀နှင့်မြို့လှရပ်ကွက်ရေပေးမြောင်း ကျင်း ၃၄၀၀ အား ဖော်ထုတ်ပြီးစီးပြီ ဖြစ်သည်။

ယင်းအပြင် ခုံသာကျေးရွာရေပေးမြောင်း ကျင်း ၆၃၀၊ သစ်စိမ့်ပင်ရေပေးမြောင်း ကျင်း ၂၂၅၀၊ ခိုင်ကမ်းရေပေးမြောင်းသဲနုန်းတူးဖော်ခြင်း ကျင်း ၂၆၀၊ ဆည်ကြီးရေပေးမြောင်းသဲနုန်းတူးဖော်ခြင်း ကျင်း ၄၈၀၊ ထူးကြီးရေပေးမြောင်းသဲနုန်းတူးဖော်ခြင်း ကျင်း ၆၂၀၊ ကသဲမြောင်းသဲနုန်းတူးဖော်ခြင်း ကျင်း ၂၅၀ နှင့် ချင်းဆိုင်ရေပေးမြောင်း ၁၂၈ ကျင်းတို့ တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ပြီးစီးပြီဖြစ်ကြောင်းဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် တရုတ်(တိုင်ပေ) သို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၁**

တရုတ်(တိုင်ပေ) တွင် စက်တင်ဘာ ၁၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသည့် 11Workshop on Taiwan's Experience of SME Development (ASEAN) သို့တက်ရောက်ရန်အတွက် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ အသင်းဝင် ဒေါက်တာယဉ်မင်းကျော်သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## မင်းဘူး၊ မကွေးနှင့် ဆိပ်သာမြို့တို့ စိုးရိမ်ရေအမှတ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် တစ်ပေခန့်၊ မကွေးနှင့် ဆိပ်သာမြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း မင်းဘူးမြို့နှင့် နောက်သုံးရက်အတွင်းမကွေးမြို့နှင့် ဆိပ်သာမြို့တို့တွင် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်ရှိနိုင်သည်။

မင်းဘူးခရိုင်၊ မကွေးခရိုင်နှင့် ဆိပ်သာမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# မီးခိုးမြူတိုက်ဖျက်ရေးလုပ်ငန်းအတွက် အင်ဒိုနီးရှားကို စင်ကာပူကူညီမည်



**စင်ကာပူ စက်တင်ဘာ ၁၁**

ဒေသတွင်း နိုင်ငံများ၌ ဖြစ်ပေါ်သည့် မီးခိုးမြူတိုက်ဖျက်ရေးလုပ်ငန်းအတွက် အကူအညီပေးရန် မိမိနိုင်ငံ၏ ကမ်းလှမ်းချက်ကို အင်ဒိုနီးရှားနိုင်ငံက လက်ခံကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီး ငီအန်းက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

စင်ကာပူနိုင်ငံ လေထုလွှာအတွင်း ယခုရက်သတ္တပတ်တွင် မီးခိုးမြူ ထင်ရှားစွာ ဖြစ်ပေါ်ခဲ့သည်။ လေထုညစ်ညမ်းမှု အညွှန်းကိန်းတွင် စက်တင်ဘာ ၁၀ ရက်ညက သုံးနာရီကြာမျှ အမှတ် ၂၀၀ ကို ကျော်လွန်ခဲ့သည်။ ယင်းမှာ ယခုနှစ် ယခုအချိန်အထိ မီးခိုးမြူသိပ်သည်းမှု အများဆုံးအမှတ်ဖြစ်သည်။ အညွှန်းကိန်းအရ အမှတ် ၁၀၀ အထက်တွင်ရှိပါက ကျန်းမာရေးကို ခြိမ်းခြောက်နိုင်သော အဆင့်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပြီး အမှတ် ၂၀၀ အထက်တွင်ရှိပါက ကျန်းမာရေးကို ဆိုးဆိုးရွားရွား ခြိမ်းခြောက်နိုင်သောအဆင့်အဖြစ် သတ်မှတ်သည်။

ဆူမားတြားကျွန်း၌ တောင်ယာစိုက်ပျိုးရန် မီးရှို့ရာမှ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ရပြီး မီးခိုးမြူ ပြဿနာ ပေါ်ပေါက်လေ့ရှိသည်။

မိုးတုရွာသွန်းစေရန် ဆောင်ရွက်ပေးမည့် လေယာဉ်များနှင့် မီးငြိမ်းသတ်ရာတွင် အသုံးပြုမည့် မီးသတ်ရဟတ်ယာဉ်များကို ထောက်ပံ့ကူညီပေးရန် စင်ကာပူနိုင်ငံက ကမ်းလှမ်းမှုကို အင်ဒိုနီးရှားနိုင်ငံက လက်ခံကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ **ဆင်ဟွာ။**

# မွမ်ဘိုင်းမြို့၌ မီးရထားများ ဗုံးခွဲတိုက်ခိုက်မှုတွင် လူ ၁၂ ဦး ပြစ်မှုထင်ရှားတွေ့ရှိဟု တရားရုံးဆုံးဖြတ်

**နယူးဒေလီ စက်တင်ဘာ ၁၁**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ၂၀၀၆ ခုနှစ်က မီးရထားများကို ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်မှုဖြင့် လူ ၁၂ ဦးကို ပြစ်မှုထင်ရှားတွေ့ရှိရသည်ဟု တရားရုံးတစ်ရုံးက ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးလုပ်ငန်းများ အချက်အချာပြုရာ မွမ်ဘိုင်းမြို့၌ ၂၀၀၆ ခုနှစ်က ခရီးသည်တင်ရထားများ ဗုံးခွဲတိုက်ခိုက်ခံခဲ့ရမှုကြောင့် လူပေါင်း ၁၈၀ ကျော် သေဆုံးခဲ့ရပြီး လူရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

အလုပ်မှနေအိမ်သို့ပြန်လာသူများ အပြည့်အသိပ်လိုက်ပါလာသည့် ရထားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာတွင် ဗုံးခုနစ်လုံး ပေါက်ကွဲခဲ့သည်။ အိမ်နီးချင်း ပါကစ္စတန်နိုင်ငံ၌ အခြေစိုက်သည့် စစ်သွေးကြွများ၏ သွေးထိုးမှုအရ မကျေမနပ်ဖြစ်နေသူများက အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု အိန္ဒိယရဲတပ်ဖွဲ့က စွပ်စွဲခဲ့သည်။

ပါကစ္စတန်အခြေစိုက် လက်ရှ်ခါအီတိုင်ဘာအဖွဲ့ ခေါင်းဆောင် အေဇမန်ချီမားက အကြမ်းဖက်မှုတိုက်ခိုက်ရန် အမိန့်ကစီစဉ်ညွှန်ကြားခဲ့သည်ဟု အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ သို့ရာတွင် ၎င်းမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သည်။

ပြစ်ဒဏ်ထင်ရှားတွေ့ရှိရသည်ဟု ဆုံးဖြတ်ခံရသူ အမျိုးသား ၁၂ ဦး အနက်မှ အချို့သည် ကြိုးပေးကွပ်မျက်မှု ကျခံရနိုင်ပြီး အချို့မှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရနိုင်ကြောင်း၊ ၎င်းတို့ကို စက်တင်ဘာ ၁၄ ရက်တွင် ပြစ်ဒဏ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# အမေရိကန်သံအမတ်ကိုတိုက်ခိုက်သူ တောင်ကိုရီးယားနိုင်ငံသား ထောင် ၁၂ နှစ် ချမှတ်ခံရ

**ဆိုးလ် စက်တင်ဘာ ၁၁**

အမေရိကန်သံအမတ်၏မျက်နှာကို သစ်သီးလှီးဓားဖြင့် တိုက်ခိုက်ခဲ့သည့် တောင်ကိုရီးယားအမျိုးသားတစ်ဦးအား လူသတ်ရန်ကြိုးပမ်းမှုဖြင့် စက်တင်ဘာ ၁၁ ရက်က ထောင် ၁၂ နှစ် ချမှတ်လိုက်ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြသည်။




ပြီးခဲ့သည့်မတ်လက ကျင်းပသော ကိုရီးယားပြန်လည်ပေါင်းစည်းရေးနှင့်ပတ်သက်၍ ဆွေးနွေးသည့် ဖိုရမ်တစ်ခုတွင် သံအမတ် မာ့ခ်လီပတ်ကို တိုက်ခိုက်သူ ၅၅နှစ်အရွယ်ရှိ ကင်မ်ကီဂျုံသည် နိုင်ငံခြားသံအမတ်တစ်ဦးကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ဟု သိရသည်။ လီပတ်မှာ မျက်နှာပေါ်တွင်ရရှိခဲ့သည့် ဓားဒဏ်ရာမှာ နက်သည့်အတွက် အချက်ပေါင်း ၈၀ ချုပ်ခံခဲ့ရသည့်အပြင် လက်ကောက်ဝတ်တွင်လည်း ဒဏ်ရာများရရှိကာ ဆေးရုံ၌ ငါးရက်ကြာဆေးကုသမှုခံယူခဲ့ရသည်။ အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆန့်ကျင်သည့်အနေဖြင့် အဆိုပါတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကင်ကဆိုသည်။

၎င်းသည် မြောက်ကိုရီးယားသို့ ခုနစ်ကြိမ်သွားရောက်ခဲ့သည့်အတွက် မြောက်ကိုရီးယားနှင့် အဆက်အသွယ်ရှိဖွယ်ရာနှင့်ပတ်သက်၍ မေးခွန်းများထွက်ပေါ်လျက်ရှိရာ အစိုးရရှေ့နေများက ပြီးခဲ့သည့် ရက်သတ္တပတ်က ၎င်းအား ထောင်ဒဏ် ၁၅ နှစ် ချမှတ်ရန် တောင်းဆိုခဲ့ကြသည်။ ၎င်းက မြောက်ကိုရီးယားနှင့် မည်သည့်ပတ်သက်မှုမျှမရှိကြောင်း ငြင်းဆိုခဲ့သည်။ မြောက်ကိုရီးယားမီဒီယာများက အဆိုပါတိုက်ခိုက်မှုမှာ လီပတ်အတွက် ထိုက်တန်သည့်အပြစ်ပေးမှုဖြစ်ကြောင်းပြောဆိုသော်လည်း ၎င်းတို့နှင့်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုခဲ့ သည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပုံမှန်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေသည်ကို မြောက်ကိုရီးယားက စစ်ပွဲအတွက် ပြင်ဆင်ခြင်းဖြစ်သည်ဟု ဝေဖန်ပြောကြားသည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက တောင်ကိုရီးယားနိုင်ငံ၌ သံအမတ်တစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်ကတည်းက ၎င်း၏ ဖော်ရွေမှုပုံစံကြောင့် လီပတ်မှာ နာမည်ကျော်ကြားခဲ့ပြီး အဆိုပါတိုက်ခိုက်ခံရမှုက တောင်ကိုရီးယားပြည်သူများ၏ ထောက်ခံမှုကို ရရှိစေခဲ့သည်။ **ရိုက်တာ။**

# လာအိုနိုင်ငံတွင် ရေကြီးမှုဖြစ်ပွား၊ နှစ်ဦးသေ၊ နှစ်ဦးပျောက်ဆုံး

**ဗီယင်ကျန်း စက်တင်ဘာ ၁၁**

လာအိုနိုင်ငံမြောက်ပိုင်း လောင်ပရာဘန်စီရင်စုတွင် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသန္တရအာဏာပိုင်များကဆိုသည်။

အဆိုပါပျောက်ဆုံးသူများအားရှာဖွေရန် ဒေသန္တရအာဏာပိုင်များက တပ်ဖွဲ့အားကူညီမှုများပေးရန် တောင်းခံထားသည်။ ယင်းပျောက်ဆုံးသူများ၏ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ ရေကြီးမှုများကြောင့် လောင်ပရာဘန်စီရင်စု၏ နန်ခရိုင်နယ်မြေရှိလူနေအဆောက်အအုံ ကိုးခုပျက်စီးခဲ့ပြီး နောက်ထပ် ၂၄ ခုတွင် ရေများ ဝင်ရောက်လျက်ရှိပြီး ရွာ့များ၊အမိုက်သရိုက်များ ရောပွမ်းကာ သောင်တင်လျက်ရှိသည်။

ထိုသို့ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးရေလျှံမှုများ၊ မြေပြို မှုများဖြစ်ပွားရခြင်း၏ အကြောင်းအရင်းခံသည် သစ်တောပြုန်းတီးခြင်းပင်ဖြစ်သည်။

မြေပိုင်ရှင်အများအပြားက ၎င်းတို့အကျိုးအမြတ်ရရှိစေရန် သစ်တောများကို ခုတ်ထွင်းရှင်းလင်း ရောင်းချခြင်းများ လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ။**

# ဂျပန်နိုင်ငံရေကြီးမှုတွင် သုံးဦးသေဆုံးပြီး ၂၃ ဦးပျောက်ဆုံးလျက်ရှိ



**ဂျိုဆို စက်တင်ဘာ ၁၁**

ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် ကန်တိုနှင့်တိုဟိုကူဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားလျက် ရှိသဖြင့် ဒေသခံ ၁၀၀၀၀၀ ကျော်နေရပ်စွန့်ခွာပြီး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထို့ပြင် လူသုံးဦးသေဆုံးပြီး ၂၃ ဦး ပျောက်ဆုံးလျက် ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါဒေသရှိ ဘာရာကီနှင့် တိုချီဂီစီရင်စုများတွင် အဆိုးဆုံးဖြစ် သည်။ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများက နေအိမ်အများအပြားကို ပျက်စီးစေသည်။

ယင်းဒေသတွင် အရေးပေါ်ကယ်ဆယ်ရေးဌာနတစ်ခုဖွင့်လှစ်ထားပြီး ရဟတ်ယာဉ် ၅၁ စင်း၏အကူအညီဖြင့်ကယ်ဆယ်ရေးလုပ်သား ၆၀၀၀ ကျော်က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

တိုင်ဖုန်း'အီတောင်း'သည် စက်တင်ဘာ ၉ ရက်က စပြီး ဂျပန်နိုင်ငံ အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး အနောက်ဘက် ဂျပန်ပင်လယ်ထဲသို့ရွှေ့လျား သွားခဲ့သည်။ သို့သော် နိုင်ငံအတွင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိနေသေးသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ကမ်းပါးများကျိုးပေါက်ကာ မြစ်ရေများမြို့များအတွင်းသို့ ဝင်ရောက်ခဲ့သည်။ တိုချီဂီစီရင်စုအတွင်းရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ရန် အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားပြီးဖြစ်သည်။ ယခုနှစ် ရေကြီးရေလျှံမှုသည် နှစ်ပေါင်း ၆၀ အတွင်း ဂျပန်နိုင်ငံ၏ အဆိုးရွားဆုံး ရေကြီးမှုများအနက်တစ်ခု အပါအဝင်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ



**နေပြည်တော်　　စက်တင်ဘာ ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Moshe Ya'alon ၏ ဖိတ်ကြားချက်အရ အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး စက်တင်ဘာ ၉ ရက် ညပိုင်းတွင် တဲလ်အဗီးမြို့ Ben Gurion အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယနေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Daniel Zohar Zonshine တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံသို့ရောက်ရှိစဉ် အစ္စရေးနိုင်ငံသမ္မတ၊ ကာကွယ်ရေးဝန်ကြီး၊ အစ္စရေးတပ်မတော်စစ်ဦးစီးချုပ်နှင့် သက်ဆိုင်ရာဌာနများမှ အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဒေသတွင်း အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များနှင့် သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ် မောင်မောင်အေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် မိုးအောင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ် မောင်မောင်ကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနား ကျိုင်းတုံမြို့တွင် ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့အသံ ဝန်ထမ်းများနှင့် သောတရှင်ပရိသတ်များ တိုက်ရိုက်တွေ့ဆုံခွင့်ရမည့် အဆိုပါအခမ်းအနားကို PSI Myanmar အဖွဲ့၏ ပူးတွဲပံ့ပိုးကူညီမှုဖြင့် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ဝိုင်းလေး၊ နန်းမြတ်ဖြိုးသင်း၊ ဆူဇီ တို့အပါအဝင် စောမင်းနောင်၊ မျိုးဆွေသန့်၊ မိမိခိုင်၊ နန်းစန္ဒီတင်ကြွယ်၊ အိမွန်မွန်စိုးနှင့် မြန်မာ့အသံ ဝိုင်းတော်သားများက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ထို့ပြင် PSI Myanmar အဖွဲ့၏ မိခင်/ကလေး ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ၊ ဉာဏ်စမ်းမေးခွန်းများဖြေဆိုမှုနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခြင်းအစီအစဉ်တို့လည်း ပါဝင်မည်ဖြစ်သည်။

တက်ရောက်လိုသူ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အနေဖြင့် စက်တင်ဘာ ၂၂ ရက် နောက်ဆုံးထား၍ ဖုန်း- ၀၆၇-၇၉၂၁၅ သို့ ဆက်သွယ်စာရင်း ပေးပို့ရမည်ဖြစ်ပြီး အဖွဲ့ဝင်အသစ်များလည်း အဆိုပါဖုန်း နံပါတ်သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြသည်။

အဆိုပါ မြန်မာ့အသံချစ်သူများအဖွဲ့ တွေ့ဆုံပွဲအခမ်းအနားများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အောက်တိုဘာ ၁၀ ရက်တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အောက်တိုဘာ ၂၅ ရက်တွင် လည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်သည်။

**(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**



# ဘားအံခရိုင်၌ တရားမဝင် လက်နက်၊ ခဲယမ်းများ လာရောက်အပ်နှံ

**ဘားအံ　　စက်တင်ဘာ　　၁၁**

ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် တရားမဝင်လက်နက်၊ ခဲယမ်း လက်ဝယ်ထားရှိခြင်းမပြုလုပ်ဘဲ သက်ဆိုင်ရာသို့ အမြန်ဆုံးအပ်နှံကြရန် တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်အပေါ် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ တာဝန်ရှိသူအဆင့်ဆင့်က သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များဖြင့် ပူးပေါင်း၍ တရားမဝင်လက်နက်၊ ခဲယမ်းများ လက်ဝယ်ထားရှိခြင်းနှင့်ပတ်သက်၍ ဟောပြောဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်တွင် တရားမဝင် တူမီးယမ်းထောင်းသေနတ် ၄၀၆ လက်၊ လှိုင်းဘွဲမြို့နယ်တွင် တရားမဝင်တူမီးယမ်းထောင်းသေနတ် ၂၇၅ လက်ကို တာဝန်သိပြည်သူများက သက်ဆိုင်ရာ နယ်မြေရဲစခန်းအသီးသီးသို့ လာရောက်အပ်နှံခဲ့သဖြင့် တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းကျေးရွာများ အကောင်အထည်ဖော်

**ကျောက်တန်း　　စက်တင်ဘာ　　၁၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့ကျေးရွာ ၁၀ ရွာအနက်မှ ကွန်းစံပြကျေးရွာသို့ စက်တင်ဘာ ၁၀ ရက်က ခရိုင်နှင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများနှင့်ပတ်သက်၍ ကျေးရွာသူကျေးရွာသားများ သိရှိလိုသည်များကို ရှင်းလင်းပြောကြားပြီး ကွန်းစံပြကျေးရွာတွင် စိုက်ပျိုးရေး ၈၅ ဦး၊ မွေးမြူရေး ၉၇ ဦး၊ ရေလုပ်ငန်းနှစ်ဦး အရောင်းအဝယ် ၃၀၊ အသက်မွေးဝမ်းကျောင်း ၁၁ ဦးနှင့် မီးလင်းရေးတစ်ဦး စုစုပေါင်း ၂၂၆ ဦးတို့အား ချေးငွေကျပ် ၂၉၄ သိန်းအား ထုတ်ချေးပေးပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းသဘောသဘာဝနှင့် စာရင်းဇယားများကို လက်တွေ့ရေးသွင်း သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# စက်တင်ဘာ ၁၁ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၀၀၀ မှ ၅၀၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၈၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၀၄၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၁၅ မှ ၂၄၁၅ |
| ၉ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၇၅ မှ ၁၈၆၀ |
| ၁၀ | ပြောင်းဆန် | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၄၅ |
| ၁၁ | ဗိုလ်ကိတ်(ပဲ) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၆၅ မှ ၁၂၅၀ |
| ၁၂ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၃၀၀၀မှ၁၂၀၀၀၀ |
| ၁၃ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁၀၅၀ |
| ၁၄ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၇၅ မှ ၂၆၀၀ |
| ၁၅ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၃၂၀၀ |
| ၁၆ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၆၈၀ |
| ၁၇ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၇၀၀ မှ ၂၅၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

# ပြည်ပမှ အသားတင်ပို့မှုနှင့်ပတ်သက်ပြီး စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော်　　စက်တင်ဘာ ၁၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သူများပါဝင်သည့် မြန်မာနိုင်ငံအသားစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ပြည်ပမှ ပြည်တွင်းသို့ အသားတင်ပို့မှုများကို ခွင့်ပြုဆောင်ရွက်လျက်ရှိသည်။

"တင်သွင်းခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးတာပါ။ ကျွန်တော်တို့ အပိုင်းက တင်သွင်းလာတဲ့အသားတွေ စားသုံးရန် သင့်၊ မသင့်၊ အာဟာရဓာတ် ရှိ၊ မရှိ စတာတွေကို စိစစ်ပြီး သဘောထားမှတ်ချက်ပေးရပါတယ်။ ရက်လွန်အသားတွေ ဝင်ရောက်မှုမရှိအောင် စိစစ်မှုတွေကိုလည်း ဆောင်ရွက်ရပါတယ်"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ပြောသည်။

ပြည်ပမှ အသားများ ပြည်တွင်းသို့ တင်သွင်းမှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည့် အသားတင်ပို့ရောင်းချမှုဆိုင်ရာ မူဝါဒများ၊ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည့် မူဝါဒများ၊ အာဆီယံမှ သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့် အညီလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိစစ်မှုများကိုလည်း အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ စိစစ်ခွင့်ပြုမှုအခြေအနေအပေါ် "ပြည်ပကနေ အသားတွေတင်ပို့မှုနဲ့ ပတ်သက်ပြီး လွတ်လွတ်လပ်လပ်ခွင့်ပြုပေးတာမျိုးမဟုတ်ပါဘူး။ စိစစ်ခွင့်ပြုပေးနေတာပါ။ တင်သွင်းတဲ့အထဲမှာ ကြက်သားကို ပိုပြီးစိစစ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ကြက်သားစားသုံးမှုက ရာခိုင်နှုန်းများတယ်။ ပြီးတော့ ကြက်မွေးမြူရေးကလည်း တွင်ကျယ်တယ်။

ဒါပေမယ့် ပြည်ပကနေ ပြည်တွင်းကို၊ ပြည်တွင်းကနေ ပြည်ပကို တင်ပို့တင်သွင်းတဲ့နေရာမှာ အမေရိကန်တို့ ဥရောပတို့ဘက်ကို ကျွန်တော်တို့နိုင်ငံကနေ ငါးတွေ တင်ပို့တာရှိတယ်။

ကျွန်တော်တို့ဆီကို သူတို့ကနေ အမဲသားတို့၊ ကြက်သားတို့ ပြန်ပြီး တင်ပို့ချင်တယ်လို့ ဆိုတဲ့အခါ ပြည်တွင်းက မွေးမြူထုတ်လုပ်သူတွေ မထိခိုက်ဖို့အတွက်ပါထည့်ပြီး မျှတအောင် စဉ်းစားရတာမျိုးတွေ ရှိပါတယ်။ စားသုံးသူအဆင်ပြေဖို့၊ မွေးမြူထုတ်လုပ်သူတွေ ဈေးကွက်အဆင်ပြေဖို့ရော စဉ်းစားရပါတယ်။

ကျွန်တော်တို့ဘက်ကတော့ ပြည်ပက တင်သွင်းတဲ့အခါ လိုအပ်တာတွေ စိစစ်ပြီးတော့ ကျွန်တော်တို့ဌာနက ထောက်ခံချက်ပေးတာပါ။ ခွင့်ပြုတာကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုတာပါ။

ASEAN Free Trade Area ကလည်း စတင်တော့မှာပါ။ ဒီလိုစတင်တဲ့အခါ ကျွန်တော်တို့ဆီကို အဖွဲ့ဝင်နိုင်ငံတွေက ဝင်လာမယ်၊ ကျွန်တော်တို့ဆီကလည်း သူတို့ဆီကို တင်ပို့တာတွေရှိမယ်။ လွတ်လပ်စွာရောင်းဝယ်မှုတွေ ဖြစ်လာတယ်။ ဒီအတွက်လည်း ကြိုတင်ပြင်ဆင်ထားရပါမယ်"ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။ **(ဟန်နီဝင်း)**

## ပြည်တွင်းရေးရာ

**အပစ်ရပ်စာချုပ်မှ**

NCA စာချုပ်ကို ချုပ်ဆိုရန် ဆောင်ရွက်ရခြင်းဖြစ်သည်ဟု ပြောသည်။

MPC ၏ အပစ်အခတ်ရပ်စဲရေးပူးတွဲညှိနှိုင်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး၏ ပြောကြားချက်အရ NCA စာချုပ် လက်မှတ်ထိုးပြီးနောက် နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်း အစည်းအဝေး (JICM)ကို နှစ်ဖက်ကိုယ်စားလှယ်များက ခေါ်ယူရမည်ဖြစ်သည်။

ယင်းအစည်းအဝေးတွင် အစိုးရ၊ တိုင်းရင်းသားများနှင့် လူထုကိုယ်စားလှယ်များပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) တို့ကို ဖွဲ့စည်းရမည်ဖြစ်သည်။ စစ်ဘက်ဆိုင်ရာကိစ္စရပ်များကို JMC မှ အဓိက ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံရေးဆိုင်ရာကိစ္စရပ်များကို UPDJC မှ အဓိကဆောင်ရွက်မည်ဖြစ်သည်။

ဒေါက်တာမင်းဇော်ဦးက "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ သဘောသဘာဝက နိုင်ငံရေးသဘောတူညီမှုတွေ မရမချင်း အပစ်အခတ်ရပ်စဲထားတဲ့ အဆင့်တစ်ခုတည်းနဲ့ ဘယ်တော့မှ နှစ်ဖက်ယုံကြည်မှုကို ၁၀၀ ရာခိုင်နှုန်း ရရှိမှာမဟုတ်သေးဘူး။ အနာဂတ်မှာ ဘယ်လိုအပြုသဘောဆောင်တဲ့ တိုးတက်ဖြစ်ထွန်းမှုတွေဖြစ်လာမလဲ ဆိုတာကို အခြေခံပြီးလုပ်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ NCA ရဲ့ တန်ဖိုးက လက်မှတ်ထိုးတာထက် ငြိမ်းချမ်းရေးဖြစ်စဉ် ဘယ်လောက်အောင်မြင်လဲ၊ မအောင်မြင်လဲ ဆိုတာကို NCA လက်မှတ်ထိုးထားတဲ့ အချက်တွေကို ဘယ်လောက်အကောင်အထည်ဖော်နိုင်လဲ၊ ဘယ်လိုယုံကြည်မှုတည်ဆောက်နိုင်လဲဆိုတာအပေါ် မူတည်တယ်" ဟု NCA စာချုပ်တွင်ပါဝင်သည့် အခန်းများနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် ထည့်သွင်းပြောကြားသည်။

NCA စာချုပ်တွင် အခန်း (၇) ခန်းနှင့် အပိုဒ် (၃၃) ပိုဒ် ပါဝင်သည်။ NCA စာချုပ်သည် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအကောင်အထည်ဖော်နိုင်မည့် လမ်းကြောင်းကို အုတ်မြစ်ချပေးကာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် ယန္တရားများကို တပ်ဆင်ပေးခြင်းပင်ဖြစ်သည်။ NCA စာချုပ်ထဲတွင် စစ်ရေးဆိုင်ရာ (၅၅) ချက်၊ နိုင်ငံရေးဆိုင်ရာ (၃၅) ချက်နှင့် အခြား (၂၃) ချက်ပါဝင်သည်။

အခန်း (၁)နှင့် (၂) ရှိ**အခြေခံမူနှင့် ဦးတည်ချက်၊ ရည်ရွယ်ချက်များအခန်း**တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ဆိုသည့်အချက်အား နှစ်ဖက်မှ သဘောတူထားခြင်းဖြစ်ကြောင်းသိရသည်။ NCA ၏ အဓိကအနှစ်သာရသည် အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းသာမက ငြိမ်းချမ်းရေးဖြစ်စဉ်မှတစ်ဆင့် အနာဂတ်နိုင်ငံတော်ကို မည်ကဲ့သို့ပုံဖော်ကြမည်ကို နှစ်ဖက်သဘောတူထားခြင်းပင် ဖြစ်သည်။

အခန်း (၃) **ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ**ကိစ္စရပ်များတွင် နှစ်ဖက်တပ်များလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ပြည်သူလူထုကို အကာအကွယ်ပေးရေးကိစ္စများကို နှစ်ဖက်သဘောတူညီချက်ဖြင့် ရေးသားထားခြင်းဖြစ်သည်။ Code of Conduct သည် သီးသန့်ရေးသားခြင်းမဟုတ်ဘဲ အခန်း(၃)၌ ဥပဒေအသုံးအနှုန်းဖြင့်ရေးသားထားသည်များကို သာမန်အရေးအသားဖြင့် ပြန်လည်ရေးသားထားသည့် စာရွက်စာတမ်းပင်ဖြစ်သည်။

အခန်း(၄) **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာအောင်လုပ်ဆောင်ခြင်း**တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အား တည်ထောင်ခြင်းနှင့်စပ်လျဉ်းပြီး အသေးစိတ်ရေးသားထားသည်။

အခန်း (၅) **နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာအာမခံချက်များ**အရ ငြိမ်းချမ်းရေးဖြစ်စဉ်ကာလတစ်လျှောက် လုပ်ဆောင်မည့် လမ်းပြမြေပုံ (Road Map) ချမှတ်ခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) ကိုဖွဲ့စည်း၍ နိုင်ငံရေးဆွေးနွေးပွဲများအား ကြီးကြပ်ထိန်းသိမ်းရန် မူဝါဒချမှတ်မှုများ ပြုလုပ်မည်ဖြစ်သည်။

အခန်း (၆ - ၇) ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် အထွေထွေတွင် စီးပွားရေး၊ သယံဇာတ၊ အုပ်ချုပ်ရေးဆိုင်ရာ ပြဿနာကိစ္စရပ်များကို ဖြေရှင်းနိုင်ရန် ထားရှိသည့် ကြားကာလအစီအစဉ်၊ မတရားအသင်းမှ ပယ်ဖျက်မည့် သဘောတူညီမှုအစီအစဉ်၊ အသွင်ကူးပြောင်းရေးကာလအတွင်း ညှိနှိုင်းဆောင်ရွက်မည့် အချက်များကို အသေးစိတ်ရေးသားထားခြင်း ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်တွင် MPC ၌ ပြုလုပ်သည့် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် Myanmar Peace Center မှ အထူးအကြံပေး ဦးလှမောင်ရွှေနှင့် ဒါရိုက်တာများဖြစ်ကြသော ဒေါက်တာမင်းဇော်ဦး၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ဦးကျော်စိုးလှိုင်၊ ဦးတင်အောင်မိုးတို့က သက်ဆိုင်ရာတာဝန်အလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

စက်တင်ဘာ ၁၄ ရက်တွင် နိုင်ငံရေးပါတီများနှင့် စက်တင်ဘာလ ၁၅ ရက်တွင် နိုင်ငံတကာသံတမန်များအား UPWC ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက (NCA) လက်မှတ်ရေးထိုးပြီးနောက် ရှေ့ဆက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များအား ရန်ကုန်မြို့ MPC ၌ တွေ့ဆုံရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။

**(ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်/ ဓာတ်ပုံ-ဖိုးထောင်)**

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးပါက ရက်ပေါင်း (၉၀) အတွင်း လုပ်ဆောင်သွားမည့်အစီအစဉ်များ**

| | | |
|---|---|---|
| ၂၄ နာရီအတွင်း | ❖ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ<br>❖ နှစ်ဖက်သက်ဆိုင်ရာတပ်မှူးများအကြောင်းကြားရန် | ❖ နှစ်ဖက်တပ်များ (တပ်မှူးများ) |
| (၅) ရက် | ❖ NCA အားအဆင့်ဆင့်သို့ ရှင်းလင်းအသိပေးရန် | ❖ နှစ်ဖက်တပ်များ (တပ်မှူးများ) |
| (၁၄) ရက် | ❖ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်အကောင်ထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)<br>❖ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)<br>❖ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC)<br>❖ တိကျသောအချိန်ဇယားချမှတ်ခြင်း | ❖ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ<br>❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး (JICM) |
| (၃၀) ရက် | ❖ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ စောင့်ကြည့်ရေးကော်မတီ လုပ်ငန်းလမ်းညွှန် | ❖ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) |
| (၆၀) ရက် | ❖ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ရေးဆွဲခြင်း | ❖ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) |
| (၉၀) ရက် | ❖ နိုင်ငံရေးဆွေးနွေးပွဲများစတင်ခြင်း | ❖ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ပူးတွဲကော်မတီ (UPDJC) |

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ စက်တင်ဘာ ၁၃ ရက်မှစ၍ သီးသန့်အချပ်ပိုဖြင့် ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၉ ရက်မှစ၍ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြပေးလျက်ရှိပါသည်။

အဆိုပါစည်းရုံးဟောပြောချက်များကို သတင်းစာပါ အခြားအကြောင်းအရာများနှင့် ရောထွေးမှုမဖြစ်စေဘဲ မှတ်တမ်းအဖြစ် သိမ်းဆည်းနိုင်ရန် စက်တင်ဘာ ၁၃ ရက်မှစ၍ သီးသန့်အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

World First Aid Day - 12 September 2015

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ -၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်

First Aid and Ageing Population

ရှေးဦးပြုစုကူညီရေး၊ သက်ရွယ်ကြီးသူများ ပါဝင်ပေး

## ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

**နေ့စွဲ၊ ၁၁-၉-၂၀၁၅**

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၈)ရက်ထုတ် ကြေးမုံသတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးကွက်များတွင် အမှတ်တံဆိပ်ပေါ်၌ မြေပဲဆီ၊ ပဲဆီဟု ဖော်ပြပြီး မြေပဲဆီအမည်ခံဆီများ ရောင်းချနေမှုနှင့် ပတ်သက်၍ အသိပေးကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါထုတ်ပြန်ကြေညာချက်၌ ဖော်ပြပါရှိသည့် အမှတ်တံဆိပ် (၁၀)မျိုးအနက် အမှတ်စဉ် (၆)ပါ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန် (၃) မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ် (၁၀၈)မှ ထုတ်လုပ်သော Golden Apple (Special Cooking Oil) သည် စတင်ထုတ်လုပ်ရောင်းချစဉ်ကပင် အမှတ်တံဆိပ်ပေါ်တွင် ပါဝင်ပစ္စည်းများ၌ Refined Palm Olein and Peanut Oil ဟု ထည့်သွင်းဖော်ပြထားသဖြင့် မြေပဲဆီဟုဖော်ပြပြီး အမည်ခံရောင်းချခြင်းမဟုတ်သည့်အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအချက်များကို ဖောက်ဖျက်ခြင်းမရှိကြောင်းနှင့် စားသုံးသူများအနေဖြင့် Golden Apple အမှတ်တံဆိပ် (Special Cooking Oil) ကို ဆက်လက်ဝယ်ယူစားသုံးနိုင်ကြောင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့**

## ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါတွင်း စုပေါင်းသွေးလှူဒါန်းပွဲကို ၁၀-၁၀-၂၀၁၅ ရက်(စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစုတို့တွင် စာရင်းပေးသွင်းနိုင်သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၇၃၀၀၆၄၄၆၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ ၈-၁၀-၂၀၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## ကူညီထောက်ပံ့မှုများ

# တရုတ်နိုင်ငံ CITIC ကုမ္ပဏီနှင့် တူရကီနိုင်ငံတို့မှ ရခိုင်ပြည်နယ်ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**စစ်တွေ စက်တင်ဘာ ၁၁**

တရုတ်နိုင်ငံ CITIC ကုမ္ပဏီမှ ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် လက်တွန်းထွန်စက် အစီး ၁၀၀နှင့် အခြားထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ CITIC ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် CITIC ကုမ္ပဏီမှ တာဝန်ရှိသူများက ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် လက်တွန်းထွန်စက် အစီး ၁၀၀၊ ရေစုပ်စက်အလုံး ၁၀၀၊ မိုးကာလိပ် ၆၀၀၊ ဗလာစာအုပ် ဒါဇင်နှစ်သောင်းကို ပေးအပ်လှူဒါန်းရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ခေတ္တပြည်နယ်ဝန်ကြီးချုပ်သည် CITIC ကုမ္ပဏီမှ လှူဒါန်းသည့် လက်တွန်းထွန်စက်များ၊ ရေစုပ်စက်များကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မိမိတို့ကုမ္ပဏီအလိုက် တာဝန်ယူဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီစွာဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။ ထို့နောက် တူရကီနိုင်ငံ TIKA အဖွဲ့မှ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ရေးပစ္စည်းများကို တူရကီနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ရေဘေးကယ်ဆယ်ရေးနှင့် ရေယာဉ်ရေချခြင်းလုပ်ငန်းများ မယ်ခေါင်မြစ်၌ သရုပ်ပြလေ့ကျင့်

**တာချီလိတ် စက်တင်ဘာ ၁၁**

ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် စက်လှေအမြန်ရေယာဉ်ကို မယ်ခေါင်မြစ်အတွင်း စမ်းသပ်သရုပ်ပြလေ့ကျင့်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်း မယ်ခေါင်မြစ်အတွင်း၌ ကျင်းပသည်။

အဆိုပါစက်လှေများ၌ ရေပြင်အသက်ကယ်လုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးသုံးအသက်ရှူကိရိယာများ၊ ခေတ်မီဆက်စပ်ပစ္စည်းများပါဝင်ပြီး စက်လှေ၏အလျား ၁၇ပေ၊ အနံ ၆ ပေရှိ၍ လူ ၁၀ ဦးမှ ၁၅ ဦး အထိ တင်ဆောင်နိုင်သည့် Fiber Glass အမျိုးအစားစက်လှေများဖြစ်ကာ တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁၆၁၂၉ ဒေါ်လာ တန်ဖိုးရှိကြောင်း သိရသည်။ မြင်းကောင်ရေ 40-HP ရှိပြီး လောင်စာဆီ၊ သာမန်ဓာတ်ဆီနှင့် အောက်တိန်း Ron-90 အသုံးပြုနိုင်ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက မီးသတ်ဦးစီးဌာနသို့လှူဒါန်းသည့် စက်လှေအမြန်ရေယာဉ်အစင်း ၁၀၀ အနက် ရှမ်းပြည်နယ်အတွက် ရှစ်စင်းပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်ပြီး တာချီလိတ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားလုပ်သားပြည်သူများ ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးပြုနိုင်ရန်အတွက် ထုတ်ပေးခဲ့သော စက်လှေအမြန်ယာဉ် Assault Boat and Yamahm Engine အား ရှာဖွေကယ်ဆယ်ရေးတပ်စုများဖြစ်သော သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် တွဲဖက်ပြည်နယ်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့် ကြီးကြပ်ပြီး တာချီလိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူဦးစီးသော သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့အင်အား ၁၄ ဦးတို့က စက်တင်ဘာ ၉ရက်မှ ၁၃ရက်အထိ လက်တွေ့လေ့ကျင့်ခြင်းနှင့် ရေပြင်အသက်ကယ်နည်းစနစ်များကိုလည်း လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

**နေပြည်တော် စက်တင်ဘာ ၁၁**

# ရေဘေးသင့်ဒေသများသို့ အလှူငွေ၊ အလှူပစ္စည်းနှင့် စိတ်ဓာတ်လူမှုရေးဆိုင်ရာပံ့ပိုး

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်သူဇာဝေ ဦးဆောင်သောအဖွဲ့ဝင်ငါးဦးသည် စက်တင်ဘာ ပထမပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ်များသို့ သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့နေရသော ပြည်သူများအား စိတ်ဓာတ်လူမှုရေးဆိုင်ရာ ပံ့ပိုးမှု (Psycho Social Care and Support)နှင့် နှစ်သိမ့်ဆွေးနွေးခြင်း (Social Counselling) ပြုလုပ်ရန် ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ရေဘေးသင့်ကျေးရွာများသို့ သွားရောက်ခဲ့သည်။

ရှေးဦးစွာ MWCDF အသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂ ရက်တွင် ကလေးမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ကာ ကလေးမြို့နယ်အတွင်းရှိ ရေလည်ဦးကျေးရွာ၊ ပေါက်ခုံကျေးရွာ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရွာသူ ရွာသားများအား စိတ်ဓာတ်မြှင့်တင်ပေးခြင်း၊ နှစ်သိမ့်အားပေးခြင်း၊ အားပေးစကားပြောကြားခြင်း (Social Counselling) ပြုလုပ်ခြင်း၊ ကျောင်းသုံးဗလာစာအုပ်နှင့် အစားအသောက်များ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

စက်တင်ဘာ ၃ ရက်တွင် ချင်းပြည်နယ် တွန်းဇံမြို့နယ် ဟားခါးလေးကျေးရွာ၊ တွီးခိန်ဇန်ကျေးရွာများသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအား အဝတ်အထည် အသုံးအဆောင်နှင့် လူ ၁၀၀ စာအာဟာရမှုန့် ၇၅ ထုပ်၊ နို့မှုန့် ၂၄ ဘူး၊ ကုလားပဲ သုံးအိတ်၊ ရေသန့်ဆေးမှုန့်ထုပ် ၅၀၊ ရွှေတောင်ကြီးရေသန့်ဆေး ငါးဖာ၊ တိုင်းရင်းဆေးမျိုးစုံ၊ သွားတိုက်ဆေး၊ သွားတိုက်တံ ၁၈၀၀၊ သယ်နီး ၂၈ စုံနှင့် ထီးဖိနပ်များ၊ ဗုဒ္ဓသိမ်ဆောက်ရန် အလှူငွေ ၁၇ သိန်းနှင့် နဝကမ္မအလှူငွေ သုံးသိန်းကို ပေးအပ်လှူဒါန်းကာ ရွာသူ ရွာသားများအား နှစ်သိမ့်ဆွေးနွေးခြင်း၊ စိတ်ဓာတ်လူမှုရေးဆိုင်ရာပံ့ပိုးမှုများ ပြုလုပ်ခဲ့ပြီး ဖလမ်းခရိုင် ရေဘေးကယ်ဆယ်ရေးစခန်းအတွက် အာဟာရမှုန့် အထုပ် ၇၀၊ ရေသန့်ဆေးမှုန့်ထုပ် ၅၀၊ ရွှေတောင်ကြီး ရေသန့်ဆေး ငါးဖာနှင့် အနွေးထည် အဝတ်အစားမျိုးစုံအား လှူဒါန်းခဲ့သည်။

စက်တင်ဘာ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် နယ်စပ်အနီးရှိ ခိုင်ကမ်းကျေးရွာသို့ သွားရောက်၍ ရေဘေးသင့် အိမ်ထောင်စု ၁၂ စုအား ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ကုလားပဲ၊ ဆပ်ပြာမှုန့်၊ အဝတ်အထည်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် စုစုပေါင်း ငွေကျပ် သိန်း ၂၀ နှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၅၉၇၃၃၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရေစကြိုမြို့တွင် ဒုတိယအကြိမ် ချင်းတွင်းမြစ်ရေများ ဝင်ရောက်

**ရေစကြို စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရှိမြေနိမ့်ပိုင်းမှ ရပ်ကွက်အချို့နှင့် ကျေးရွာများအတွင်း မြစ်ရေများ ဝင်ရောက်လျက်ရှိရာ ဩဂုတ်လအတွင်းက ရေဝင်ရောက်ခဲ့ပြီးနောက် ဒုတိယအကြိမ် ထပ်မံဝင်ရောက်ခြင်းဖြစ်သည်။

ရေစကြိုမြို့၏ စိုးရိမ်ရေအမှတ်မှာ ၂၈ ဒသမ ၇ ပေ ဖြစ်ပြီး စက်တင်ဘာလ ၁၀ ရက်တွင် ၂၉ ဒသမ ၈ ပေသို့ ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများက ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ရေကင်းများချထားခြင်း၊ မိုးလေဝသသတင်းများ နားထောင်ပြီး ရေဘေးသတိရှိရန် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



**ကန့်ဘလူ စက်တင်ဘာ ၁၁**

# ကန်ပေါင်ကျိုးပေါက်ပျက်စီးမှု ပြန်လည်ပြုပြင်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာ၏ အနောက်မြောက်ဘက် မိုင်ဝက်ခန့်ဝေးသည့် ဒေသအစီအစဉ်ဖြင့် တူးဖော်ထားသော မဟာဂါသောက်သုံးရေကန်သည် ဇူလိုင်လလယ်ပိုင်းက မိုးများသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပေ ၂၀၀ ခန့် ကျိုးပေါက်ပျက်စီးသွားခဲ့ရာ ဩဂုတ်လနောက်ဆုံးပတ်က မြို့နယ်ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) ဦးစီးအရာရှိ ဦးတည်အေးငြိမ်း ဦးဆောင်၍ ဝန်ထမ်းများက စက်ယန္တရားကြီးများဖြင့် ပြုပြင်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး)ထံမှ သိရသည်။

“မဟာဂါသောက်သုံးရေကန်ဟာ အပိုင်းနှစ်ပိုင်းရှိပြီး ရေလုံသည့်အပိုင်းနဲ့ ရေမလုံသည့်အပိုင်းဆိုပြီး ရှိပါတယ်။ ရေမလုံတဲ့အပိုင်းကို ကျွန်တော်တို့ဌာနက မနှစ်က ပြုပြင်ပေးခဲ့ပါတယ်။ အခု ကန်ပေါင်ကျိုးပေါက်သွားတာက ဒေသက ပြုပြင်ထားတဲ့ ရေလုံတဲ့အပိုင်းက ဖြစ်သွားတာပါ။ ဒါကိုလည်း ပြုပြင်ပြီးဖြစ်ပါတယ်” ဟု SAE ဦးဆန်းနိုင်က ပြောပြသည်။

အဆိုပါ မဟာဂါသောက်သုံးရေကန်သည် ဒေသခံပြည်သူများ၏ သောက်သုံးရေအတွက် အားထားရပြီး ပိုလျှံပါက စိုက်ပျိုးရေအဖြစ် အသုံးပြုကြောင်း ဒေသခံများထံမှ သိရသည်။ မဟာဂါသောက်သုံးရေကန်သည် အလျား ပေ ၁၁၅၀၊ ကန်ပေါင်အမြင့် ၁၅ ပေရှိသော မြေသားကန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❑❑


သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်


# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက်မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၁**


ချင်းတွင်းမြစ်ရေသည် မြင့်တက်လျက်ရှိရာ မြစ်ကြောင်းတစ်လျှောက်ရှိ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့တို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိသည်။ အဆိုပါမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ အလားတူ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့နှင့် မင်းကင်းမြို့တွင် နှစ်ပေခန့်စီ၊ မော်လိုက်နှင့် ကလေးဝမြို့တို့တွင် လေးပေခန့်စီနှင့် မုံရွာမြို့တွင် တစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

















# ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ဝေန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခန့် ကျော်လွန်လျက်ရှိပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကိုဂရပ်ဖြင့် ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**





# ဧရာဝတီမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ပခုက္ကူမြို့တွင် တစ်ပေခန့် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေကာ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။အလားတူ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် လေးလက်မခန့်၊ ဇလွန်မြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြအပ်ပါသည်။

**(သတင်းစဉ်)**




# ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် လေးပေခွဲခန့်၊ မော်လိုက်မြို့တွင် ခြောက်ပေခွဲခန့်၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ငါးပေခွဲခန့်စီနှင့် မုံရွာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့နှင့် မင်းကင်းမြို့တို့တွင် နှစ်ပေခန့်စီ၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် လေးပေခန့်စီနှင့် မုံရွာမြို့တွင် တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြပါရန် အကြံပြုထားကြောင်း သိရသည်။ **(ကြေးမုံ)**

**ပြန်လည်ထူထောင်ရေး**

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၁ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ ဦးသူရ၊ ညီမ ဒေါ်သစ်သစ်လွင်၊ သံသုမာလမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့က ငွေကျပ် ၂၀၀၀၀၀ ကို လာရောက်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)က အလှူငွေကျပ် ၁၀၆၅၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ အလှူငွေရရှိမှုစုစုပေါင်း ကျပ် ၃၇၃၂၇၂၇၆၄၃၊ အမေရိကန်ဒေါ်လာ ၁၄၁၁၂၀၁ ဒသမ ၉၇ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများ လက်ခံရရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးသို့ ဩဂုတ် ၉ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ အလှူပစ္စည်းများ ရရှိမှုမှာ ဆန် ၂၄ ပြည်ပါ ၅၇ အိတ်၊ ဆန်လေးပြည်ပါ ၃၈၃ အိတ်၊ ဆန်(25 kg) တစ်အိတ်၊ အဝတ်အထည် ၈၁၈ အိတ်၊ ရေသန့် ၁၂ ဘူးပါ ကိုးကတ်၊ သီလရှင်ဝတ်စုံ(နှစ်ကိုက်စပါ) အိတ် ၁၀၀၊ သကြန်း+ထီး+ပဝါ တစ်အိတ်၊ စားသောက်ကုန် သုံးထုပ်၊ တိုင်းရင်းဆေး တစ်အိတ်၊ စာရေးကိရိယာ တစ်အိတ်၊ အမျိုးသားစွပ်ကျယ်အထည် ၁၀၀၊ အမျိုးသားဘောင်းဘီအထည် ၁၀၀ နှင့် IV Solution ဆေးဖာ ၁၀၀၀၊ ပြည်တွင်းအလှူပစ္စည်းရရှိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၇၀၃၆၀၀ နှင့် ပြင်ပအလှူပစ္စည်းရရှိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၃၀၀၀၀ တို့အား လက်ခံရရှိသည်။

အလားတူ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် လက်ခံရရှိသော အလှူပစ္စည်းများမှာ ဝေဖာမုန့်ပုံးကြီး ၅၉ ပုံး၊ ဝေဖာမုန့်ပုံးသေး ၅၂ ပုံး၊ ကြွပ်ကြွပ်အိတ်ထုပ် သုံးထုပ်၊ ရေစစ်အိုး(မြေအိုး) ၁၀ လုံး၊ ပလတ်စတစ်ပုံး(အကြည်) ငါးတွဲ၊ ပလတ်စတစ်ပုံး(အဖုံး) ငါးထုပ်၊ ပလတ်စတစ်ပုံး (ရေခေါင်း) တစ်ထုပ်၊ ပလတ်စတစ်ပုံး (ဘရက်စ်) တစ်ထုပ်တို့အား လက်ခံရရှိသည်။ **(သတင်းစဉ်)**

## ရေစကြိုမြို့ပေါ်ရပ်ကွက်အချို့ရေဝင်သော်လည်း စိုးရိမ်ဖွယ်မရှိ

**ရေစကြို စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၁)ထင်းတန်းရပ်ကွက်၊ သုခဝတီရပ်ကွက်၊ အမှတ်(၈)ရပ်ကွက် စိတ္တသုခတောင်ပိုင်း၊ လေးရာပြည့်ဇေယျဝတီရပ်ကွက်နှင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားရှိ ကျေးရွာများတွင် မြစ်ရေပြန်လည်မြင့်တက်သော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန်အထိ မလိုသေးကြောင်း သိရသည်။ မြစ်နှင့် အလွန်နီးကပ်သော လူနေအိမ်အချို့သာ ၎င်းတို့၏ ဆွေမျိုးသားချင်းနေအိမ်များသို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ချင်းတွင်းမြစ်ရေ အခြေအနေမှာ ယနေ့မှစ၍ ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



အေဒင်အုပ်စုမှ ကျေးရွာအတွင်း နုန်းမြေများအား ရှင်းလင်းဖယ်ရှားပေးနေစဉ်။

**❂ နိုင်ငံတော်မှ**

**နေသာဆရာတော်ဘဒ္ဒန္တခမ္မိက(ကာယကံမေတ္တာလူမှုကူညီရေးအသင်း ဦးဆောင်ဆရာတော်)**

ပြန်လည်တည်ဆောက်ရေးမှာ အားထည့်တာက ကျေးရွာပြန်လည်တည်ဆောက်တာပါ။ ကိုယ့်ရွာကိုယ် မပြန်နိုင်တဲ့သူတွေကို ရွာသစ်တည်ထောင်တဲ့အခါ ရွာမြေရအောင်၊ ကလေးတွေစာသင်ကြားနိုင်ဖို့ ယာယီစာသင်ကျောင်းတွေ တည်ဆောက်ပေးနိုင်ဖို့၊ သောက်သုံးရေရရှိဖို့ ဒါအဓိက ဦးတည်ချက်ပဲ။ တကယ်တော့ ရွာတွေ အတည်အကျဖြစ်ပြီဆိုရင် ဒီထက်ကောင်းတဲ့ ဝန်ဆောင်မှုတွေ လုပ်ပေးရမှာပါ။ အရေးပေါ်စာသင်ကျောင်းတွေ တည်ဆောက်ပေးနိုင်ဖို့ရယ်၊ ရွာမြေဝယ်ယူဖို့ရယ်အတွက်က အလှူခံရတယ်။ သေချာတဲ့ဘဝရပ်တည်ရေးရဖို့အတွက်က အရေးကြီးတယ်။ ဒီမိုးကာတဲလေးတွေနဲ့ ကယ်ဆယ်ရေးစခန်းမှာ ဒီလူတွေတစ်သက်လုံးနေဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် အလှူရှင်တွေကိုပြောတယ်။ ဘာမှ မဝယ်ရသေးရင် ပိုက်ဆံဒီအတိုင်းယူလာပါ။ ရွာသစ်တည်ဖို့ ရွာမြေဝယ်ဖို့ငွေလိုတယ်။ နန်းဆောင်းပုရွာဆိုအုပ်ချုပ်ရေးပိုင်းက လှူထားတာရှိတယ်။ ဒါပေမယ့် မလုံလောက်သေးဘူး။

ရေဘေးနဲ့ပတ်သက်လို့ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးအပိုင်းတွေမှာ ပရဟိတအဖွဲ့တွေဆိုတာ အကိုက်အခဲပျောက်ဆေးအဆင့်ပဲရှိတယ်။ အမြစ်ပြတ်ကုသပေးဖို့ ရေရှည်လုပ်ဆောင်ရမှာက နိုင်ငံတော်ရဲ့အပိုင်းပဲ။ အရပ်ဘက်အဖွဲ့အစည်းတွေက ဒီကြားကာလမှာ ပြည်သူလူထု အသက်ရှူချောင်အောင်၊ သက်သာအောင် ဝိုင်းဝန်းကူညီပေးကြတာပါ။ ဒါကို ရှင်းရှင်းလင်းလင်းသိကြဖို့ လိုတယ်။

စားစရာလောက်ပဲပေးနိုင်တယ်။ စိုက်ပျိုးရေးကိစ္စ၊ ရွာမြေကိစ္စ၊ အိမ်ရာထူထောင်ရေးကိစ္စ၊ ကျန်းမာရေး စတာတွေ နိုင်ငံတော်က လုပ်ရမှာအများကြီး ခပ်မြန်မြန်လုပ်လို့ရမယ့်အပိုင်း၊ ရေရှည်လုပ်ရမယ့်အပိုင်းတွေရှိတယ်။ ခပ်မြန်မြန်လုပ်လို့ရတဲ့အပိုင်းတွေကို ကျုပ်တို့က ဝင်လုပ်တာပါ။ နိုင်ငံတော်လုပ်ရမယ့် ပြန်လည်ထူထောင်ရေးအချို့အပိုင်းတွေမှာ အရပ်ဘက်အဖွဲ့အစည်းတွေက ဝင်လုပ်နိုင်တဲ့အပိုင်းက ဝင်လုပ်ပေးတော့ မြန်မြန်ခရီးရောက်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လမ်းညွှန်မှာကြားတာ ကြားသိရတယ်။ လုပ်ချင်လို့ လုပ်တဲ့သူနဲ့ တာဝန်အရလုပ်တဲ့သူ မတူဘူး။ အဲဒီအခါမှာ ပြီးမြောက်မှုတွေမြန်လာတယ်။ မြန်မြန်ပြီးမယ့်ဟာကို အချိန်မဆွဲဘဲ မြန်မြန်အကောင်အထည်ဖော်တာ အကောင်းဆုံးပါပဲ။

**ဦးတင်ဦးခိုင်(အေဒင်အုပ်စုနှင့် မြန်မာရွှေ့ဆောင်ဘဏ် ပူးပေါင်းဆောင်ရွက်အဖွဲ့ခေါင်းဆောင်)**

ကျွန်တော်တို့က ကလေးမြို့ ခရိုင်မီးသတ်စခန်းနားမှာ ရုံးခန်းဖွင့်ပြီး ပြန်လည်ထူထောင်ရေးအနေနဲ့ နုန်းမြေတွေ ရှင်းလင်းတဲ့အပိုင်းမှာ ပါဝင်ကူညီဆောင်ရွက်ပေးနေတာပါ။ လယ်ထွန်စက် ၁၀ စီး၊ ဘက်ဟိုး နှစ်စီးနဲ့ လူအင်အား ၄၀ လောက်နဲ့ပါ။ ဩဂုတ် ၂၆ ရက်ကစပြီး ကလေးမြို့မှာ အခြေစိုက်နေထိုင်ပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ရောက်လာကာစက ကလေးမြို့တော်ခန်းမကို စတင်ရှင်းလင်းပေးပါတယ်။ နောက် မင်္ဂလာဦးဘုန်းကြီးကျောင်း။ အဲဒီတုန်းက စက်ယန္တရားတွေ ရောက်မလာသေးတဲ့အတွက် လူအင်အားနဲ့ အရင်ရှင်းလင်းပေးခဲ့ပါတယ်။ကျေးရွာတွေမှာ ပထမဆုံးစလုပ်ဖြစ်တာက ပြင်သာရွာကိုပါ။ ပြင်သာရွာမှာရှိတဲ့လမ်းတွေက ဆိုင်ကယ်တောင်သွားဖို့ခက်ပါတယ်။ ထွန်စက်တွေနဲ့ အရင်ထိုးရတယ်။ ဘက်ဟိုးနဲ့ မြောင်းတွေ ဖော်ပေးရတယ်။ ပြင်သာပြီးတော့ တောင်အူး၊ တောင်အူးမှာက စာသင်ကျောင်းမှာ ကယ်ဆယ်ရေးစခန်းဖွင့်ခဲ့တော့ အဲဒီကယ်ဆယ်ရေးစခန်းပါ ရေမြုပ်တဲ့အခါကျတော့ ပဲတွေက ပုပ်ပြီး အနံ့အသက်တွေ မကောင်းတော့ဘူး။ ဒါတွေလည်း ရှင်းလင်းပေးခဲ့ပါတယ်။ မြို့ဦးသာရပ်ကွက်နဲ့ အခုတော့ သဖန်းအိုင်မှာ ကလေးမြို့ စည်ပင်သာယာရေးကော်မတီနဲ့ပေါင်းပြီး နုန်းမြေတွေရှင်းလင်းနေပါတယ်။ အခု ကားလမ်းတွေ သွားလို့ရနေပါပြီ။ ရွာထဲထိသွားလို့ရနေပါပြီ။ ကလေးဝဘက်သွားတဲ့လမ်းသာ မပေါက်သေးတာ။ ပြန်လည်ထူထောင်ရေးအတွက် လုပ်တဲ့အခါကျတော့ အများနဲ့သက်ဆိုင်ရာနေရာတွေကို အရင်လုပ်ပေးနေပါတယ်။ စာရင်းဇယားတော့ ကောက်ထားပါတယ်။ လမ်း၊ ရပ်ကွက်နဲ့ သာသနာ့အဆောက်အအုံတွေမှာ တင်ကျန်နေတဲ့ နုန်းမြေတွေကို အဓိကထားဆောင်ရွက်ပေးပါတယ်။ မြို့ထဲမှာတော့ တော်တော်များများ လုပ်ပေးပြီးသွားပါပြီ။ လူအင်အားနဲ့ရှင်းလို့ရရင် လူအင်အား၊ စက်ယန္တရားနဲ့မှမရရင် စက်အင်အားနဲ့ ကူညီဆောင်ရွက်ပေးနေပါတယ်။ ရေဘေးကယ်ဆယ်ရေးစခန်းတွေမှာလည်း လိုအပ်တဲ့ အစားအသောက်၊ ဆေးဝါးတွေလည်း လှူဒါန်းဖြစ်ခဲ့ပါတယ်။

**ဦးတင်ထွန်းဝင်း (ကဖိုးတင်ပရဟိတအဖွဲ့)**

ကျွန်တော်က (MRTV)မှာ အလုပ်လုပ်တာပါ။ ကလေးမှာနေတာတော့ကြာပါပြီ။ ကလေးမြို့ ရေနစ်တော့ ကျွန်တော်ရယ်၊ သန့်ဇင်ရယ်၊ သိန်းဇော်ရယ် သုံးယောက်က ရေနစ်တဲ့နေရာတွေထိသွားပြီး တတ်နိုင်သလောက် ကူညီကယ်ဆယ်မှုတွေလုပ်ခဲ့ပါတယ်။ ကယ်ဆယ်ရေးစခန်းက လူ ၁၈၀၀ အတွက် ကိုယ်တိုင်ချက်ပြုတ်ပြီး စားစရာတွေ ဝေခဲ့ပါတယ်။ ကျွန်တော်တို့က Facebook သုံးတော့ Facebook ကတစ်ဆင့် သူငယ်ချင်းမိတ်ဆွေတွေကနေ ဆက်သွယ်လာကြပြီး လိုအပ်တာတွေ လှူလာကြတော့ ကျွန်တော်လည်း Facebook မှာ ဖွင့်ထားတဲ့ အကောင့်နာမည် ကဖိုးတင်နဲ့ ပရဟိတအဖွဲ့ ဖွဲ့ဖြစ်သွားတာပါ။ ရေပြန်ကျသွားတဲ့အချိန်ကစပြီး ကယ်ဆယ်ရေးစခန်း ပိတ်လို့ ပြန်လည်ထူထောင်ရေးလုပ်တဲ့အခါ ကလေးတွေရဲ့ ပညာရေးအပိုင်းကို ပိုပြီး လုပ်ပေးဖြစ်ပါတယ်။ စာသင်ကျောင်းတွေမှာလိုအပ်တာတွေရှိရင် အွန်လိုင်းကနေ တစ်ဆင့် ဖြန့်ဝေပေးတယ်။ အလှူရှင်တွေရလာရင် စာရင်းဇယားအတိအကျနဲ့ ပြန်လှူပေးပါတယ်။ လှူဒါန်းပြီးရင်လည်း အလှူရှင်တွေသိအောင် အွန်လိုင်းပေါ်ပြန်တင်ပေးပါတယ်။ အခုဆိုရင် ပြည်တွင်း ပြည်ပက အလှူရှင်တွေကပါ ချိတ်ဆက်ပြီး လှူဒါန်းကြပါတယ်။ အလှူရှင်လှူတဲ့အတိုင်း အတိအကျပြန်လှူပေးပါတယ်။ သွားစရိတ် လာစရိတ်ကတော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ပါ။ ရိုးမဘဏ်မှာ သန့်ဇင်အကောင့်နာမည်နဲ့ဖွင့်ထားပါတယ်။ ငွေတွေရောက်လာရင် စာရင်းဇယားနဲ့ ထုတ်ပြီးတော့မှ အသုံးပြုတာပါ။ကျွန်တော်တို့ တတ်နိုင်သလောက်လုပ်နေတာပါ။ အခုဆိုရင် ရေနစ်တဲ့အချိန်ကနေ ရေကျသွားတဲ့အချိန်ထိ အလှူရှင်တွေရဲ့ လှူဒါန်းတာရော၊ ကျွန်တော်တို့ သုံးယောက်ရဲ့ငွေတွေရောဆို သိန်း ၁၅၀ ကျော်ဖိုးလောက် လှူဒါန်းပြီးသွားပါပြီ။

**ကိုသန့်ဇင်လင်း**

**(ကလေးလွင်ပြင် ရေဘေးထောက်ပံ့ကူညီရေးအဖွဲ့)**

ကလေးမြို့မှာက နေသာဆရာတော်ကြီး ဦးဆောင်တဲ့ ကာယကံမေတ္တာအုပ်စုကတော့ အကြီးဆုံးပါ။ နောက်ပြီး တွံလက်များ၊ မေတ္တာဝါဒီစတဲ့ ပရဟိတအဖွဲ့တွေလည်း ရှိပါတယ်။ ကလေးလွင်ပြင်ဆိုပြီးဖွဲ့ခဲ့တာ ရေဘေးဖြစ်တော့မှပါ။ စဖွဲ့တုန်းကတော့ ငါးယောက်ပါ။ နောက်တော့ အဖွဲ့ဝင်ပေါင်း ၅၀ လောက်ရှိပါတယ်။ ဇူလိုင် ၂၇ ရက် ရေတွေတက်လာတဲ့အခါကျတော့ ရေမြုပ်ကျေးရွာတွေက ကလေးမြို့ပေါ်ကို တက်လာကြတယ်။ မြို့ပေါ်သာပြေးလာတာ မြို့ပေါ်မှာလည်း သွားစရာနေရာကမရှိဘူး။ လှေဆိုက်လို့ရတဲ့နေရာတွေကနေ လူတွေကိုကယ်ပြီး ကယ်ဆယ်ရေးစခန်းတွေဆီရောက်အောင် ကူညီပေးခဲ့တယ်။ စားစရာတွေရအောင် ဝေငှပေးခဲ့တယ်။ အဲဒီအချိန်မှာ ကလေးမြို့မှာ အကုန်ရေတွေမြုပ်နေပြီ။ လမ်းတွေ ပျက်နေပြီ။ ကလေးမြို့ တစ်မြို့လုံးရေမြုပ်တော့ ကလေးမှာရှိတဲ့ လူငယ်တွေတကယ်ကို ပရဟိတစိတ်အပြည့်နဲ့ ကူညီတာတွေ့ရတယ်။ ကလေးမြို့ပေါ်မှာ အခြေစိုက်ပြီး ထောက်ပံ့ရေးစခန်းဖွင့်လှစ်ထားပါတယ်။ ထောက်ပံ့ရေးပစ္စည်းတွေကိုလည်း စာရင်းဇယားနဲ့ စနစ်တကျခွဲဝေပေးနေပါတယ်။ ကယ်ဆယ်ရေးတွေ ဆောင်ရွက်နေတဲ့အချိန်မှာ ရန်ကုန်မှာရှိတဲ့ ကလေးမြို့နယ်အသင်းက ကလေးမြို့အတွက် အလှူခံလို့ရတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို ပို့ပေးပါတယ်။ အဲဒီမှာ လက်ခံပေးဖို့ သတ်မှတ်အဖွဲ့အစည်းလိုတာနဲ့ ကလေးလွင်ပြင်ရေဘေးကူညီထောက်ပံ့မှုအဖွဲ့ကို ဖွဲ့စည်းဖြစ်ခဲ့တာပါ။ ရေကျသွားလို့ ပြန်လည်ထူထောင်ရေးအပိုင်းကို စပြီးလုပ်နေပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအပိုင်းဆိုပြီး ခွဲလိုက်ပါတယ်။ ကျန်းမာရေးကို အခြားလူတွေလုပ်နေတယ်။ ပညာရေးဆိုလည်း လုပ်နေကြတယ်။ စိုက်ပျိုးရေးကတော့ မလုပ်ကျသေးဘူး။ စားဝတ်နေရေးအဆင်ပြေနေရင် ထောက်ပံ့စရာမလိုတော့ဘူးလေ။ နိုင်ငံတော်ကလည်း ရေဘေးသင့်ပြည်သူတွေ စားဖို့တွက် တစ်နှစ်၊ ခြောက်လ၊ သုံးလဆိုပြီး ထောက်ပံ့နေတာဖြစ်တဲ့အတွက် တောင်သူတွေစိတ်ဓာတ်မကျဘဲ အလုပ်လုပ်ပြီး တောင်ယာပြန်စိုက်နိုင်ဖို့ အခုမြစ်သာမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ ကျေးရွာ ခြောက်ရွာကို ပဲတီစိမ်းမျိုးတွေ ဖြန့်ဝေပေးခဲ့ပါတယ်။ အဲဒီရွာက ရေဘေးပြေးရတဲ့အခါကျတော့ မျိုးစေ့တွေ ရေနစ်ကုန်လို့ မျိုးစေ့အခက်အခဲရှိတယ်လို့ လာအကူအညီတောင်းတာကြောင့်ပါ။ ကျန်တဲ့ရွာတွေက ပဲတီစိမ်းကို အဓိကမထားဘူး။ ဆောင်းသီးနှံကို အဓိကထားတာဆိုတော့ ဆောင်းသီးနှံက နှစ်လလောက်လိုသေးတယ်။ ရှေ့ဆက်ပြီး ပြန်လည်ထူထောင်ရေးအပိုင်းတွေမှာ အလှူရှင်တွေရှိရင်ရှိသလို ဆောင်ရွက်သွားဖို့ရှိပါတယ်။ ။

# ‘ဝ’အမျိုးသား စည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဦးအိုက်ရှန်းပလိတ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



လေးစားအပ်တဲ့ မိဘပြည်သူမဲဆန္ဒရှင်များ၊ ဒီမိုကရေစီ မြတ်နိုးတန်ဖိုးထားကြတဲ့ လုပ်သားပြည်သူများနဲ့ ပါတီဝင်များခင်ဗျား-

ယခုလို “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဦးတည်ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို တင်ပြရှင်းလင်းခွင့်ရတဲ့အတွက် စီစဉ်ဆောင်ရွက်ပေးတဲ့ အစိုးရနဲ့တကွ တာဝန်ရှိသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အလွန်တိုတောင်းလှတဲ့အချိန်အတွင်း ကျွန်တော်တို့ပါတီရဲ့ ဦးတည်ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြဖို့ မပြည့်စုံနိုင်ပေမယ့် ရရှိတဲ့အချိန်အတွင်း အနှစ်သာရကို အနည်းငယ်ကောက်နုတ်ပြီး ပြောပြခွင့်ရလို့ ကျေးဇူးတင်ဂုဏ်ယူမိပါတယ်။

တိုင်းရင်းသားလူမျိုးစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ခေတ်မီတိုးတက်တဲ့ နိုင်ငံတော်ကြီး တည်ဆောက်နိုင်ဖို့ဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည်သူများကိုယ်တိုင်ပါဝင်ပြီး နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးစီးပွားများကို နိုင်ငံသားတိုင်း၊ ပြည်သူတိုင်း၊ နိုင်ငံရေးအရ တန်းတူအခွင့်အရေး၊ အဆင့်အတန်းများ၊ စီးပွားရေးအရ တန်းတူညီမျှဖို့ စတဲ့အခွင့်အလမ်းများပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ စည်းလုံးညီညွတ်တဲ့ ပြည်သူများရဲ့ မဟာအင်အားကြီးကို စုစည်းရယူနိုင်မှာဖြစ်ပြီး နိုင်ငံတော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ထာဝရငြိမ်းချမ်းရေးရရှိနိုင်မှာဖြစ်တယ်လို့ ခံယူယုံကြည်ပါတယ်။ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရရှိခဲ့တာဟာ လူပုဂ္ဂိုလ်တစ်ဦး၊ လူမျိုးစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ဖွဲ့တည်းနဲ့ ရယူနိုင်ခဲ့တာမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့က ဘက်စုံထောင့်စုံမှ အသက်အိုးအိမ် စည်းစိမ်များကို ပဓာနမထားဘဲ၊ အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးခံ၍ ဆင်နွှဲရယူခဲ့တဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်ရဲ့ အကျိုးကျေးဇူးများရရှိခံစားတဲ့အပိုင်းမှာလည်း တိုင်းရင်းသားများအားလုံး၊ ရသင့်ရထိုက်တဲ့အခွင့်အရေး၊ အဆင့်အတန်းများ၊ လွတ်လပ်ခွင့်များ၊ ပုဂ္ဂိုလ်ဆိုင်ရာ ပိုင်ဆိုင်ခွင့်များ၊ အပြည့်အဝ၊ တန်းတူညီမျှစွာရရှိဖို့ လိုအပ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ကျွန်တော်တို့ “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီရဲ့ အဓိက ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်များကို အကျဉ်းချုံးပြီး ရှင်းလင်းတင်ပြသွားပါမယ်။ ကျွန်တော်တို့ပါတီဟာ နောင်အနာဂတ်နိုင်ငံတော်ကို တကယ်စစ်မှန်တဲ့ ပြည်ထောင်စုစနစ်ဖြင့် ခိုင်မာတဲ့အုတ်မြစ်တစ်ခုချပြီး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ဘက်စုံတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူနေမှုအဆင့်အတန်းမြင့်မားလာဖို့၊ အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာ့နိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်ဖို့ အခြေခံမူ (၅) ချက်နဲ့ လုပ်ငန်းစဉ်(၇)ရပ်တို့ကို စနစ်တကျ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

**၎င်းအခြေခံသဘောထား ရည်ရွယ်ချက်များကတော့-**

(၁) နိုင်ငံတော်တစ်ဝန်းလုံးတွင် အချုပ်အခြာအာဏာစက် သက်ရောက်ပြီး တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်ဖို့နဲ့ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ကြိုးပမ်း ဆောင်ရွက်သွားရန်။

(၂) နိုင်ငံသားတိုင်း အခွင့်အရေးများတန်းတူရေး၊ အဆင့်အတန်းများ ညီမျှရေး၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို နိုင်ငံနဲ့အဝန်း တည်ရှိစေပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ စည်းရုံးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်။

(၃) တစ်မျိုးသားလုံး၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ပုဂ္ဂလိကလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ခေတ်အဆက်ဆက်တွင် နောက်ကျကျန်ရစ်ခဲ့သော “ဝ”နယ်မြေဒေသနှင့် အခြားတောင်တန်းဒေသများ၏ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရန်။

(၄) တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများ၊ အနုပညာများ ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်သွားရန်။

(၅) နိုင်ငံတော်နဲ့လက်တွဲပြီး နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်တဲ့ နိုင်ငံများမှ အကျိုးရှိမယ့် အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန်နည်းပညာများကိုရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများ ခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ လုပ်ငန်းစဉ် (၇)ရပ်ကတော့-

(၁) နိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ စည်းရုံးရေးအရ နိုးကြားတက်ကြွစေပြီး စစ်မှန်တဲ့ ဒီမိုကရေစီအကျင့် အကြံ၊ အပြုအမူ၊ အတွေးအခေါ်၊ အယူအဆတွေကို ခိုင်မြဲစွာ တည်ဆောက်ပြီး ပြည်သူတွေရဲ့ ကံကြမ္မာကို ပြည်သူတို့ကိုယ်တိုင် လွတ်လပ်စွာ ပါဝင်ဖန်တီးစီရင်နိုင်စွမ်းရှိတာကို ခံယူသဘောပေါက်နားလည်ဖို့ စည်းရုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၂) ရည်ရွယ်ချက်၊ ခံယူချက်၊ ယုံကြည်ချက်၊ အတွေးအခေါ်၊ အယူအဆ၊ အမြော်အမြင်ချင်းတူညီတဲ့ မည့်သည့်နိုင်ငံရေးပါတီများနဲ့မဆို တန်းတူညီတူ ဆက်ဆံခြင်း၊ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ အပြန်အလှန် ကူညီခြင်းများ ပြုလုပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကဦးတည်အလေးထားပြီး အပြန်အလှန်အကျိုးပြုဆောင်ရွက်မယ်၊ နားလည်မှုရှိမယ်၊ အပေးအယူများရှိမယ်၊ မူသဘော၊ လုပ်ငန်းသဘောအရ ယှဉ်ပြိုင်မှုရှိမယ်၊ ဒါဟာ ဒီမိုကရေစီရဲ့ နိုင်ငံရေးဓလေ့ထုံးတမ်းအစဉ်အလာကောင်းများဖြစ်ပြီး အနှစ်သာရလည်းဖြစ်ပါတယ်။ ပြိုင်ဘက်ကင်းတဲ့စနစ်ဟာ အာဏာရှင် စနစ်အဖြစ်သို့ သက်ရောက်စေတတ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်သူတွေရဲ့ အနာဂတ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဦးဆောင်ဦးရွက်ပြုသွားဖို့ ပါတီနဲ့ပြည်သူခွဲလို့မရတဲ့ အသည်းနှစ်လွှာကဲ့သို့ ခံယူထားပါသည်။ ပြည်သူ့အသံ ပါတီရဲ့အသံ၊ ပြည်သူခံစားချက် ပါတီရဲ့ခံစားချက်၊ ပြည်သူ့ဆန္ဒ ပါတီရဲ့ဆန္ဒ၊ ပြည်သူ့အောင်လံဟာ ပါတီရဲ့အောင်လံဟု ခံယူထားပြီး ပါတီရဲ့ပန်းတိုင်ဟာ ပြည်သူ့ရဲ့သာယာချမ်းမြေ့တဲ့ ဒီမိုကရေစီလောကသစ်ကြီးဆိုတဲ့ ပန်းတိုင်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲအောင်ပါက ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးနဲ့ ဒေသအကျိုး၊ အမျိုးသားရေးအကျိုးတို့ကို အများဆုံး အာမခံချက်ပေးနိုင်မယ့်ပါတီအဖွဲ့အစည်းများနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၃) တိုင်းရင်းသားပြည်သူများရဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူသားတစ်ရပ်လုံးတို့ကို ခြိမ်းခြောက်နေသော အကြမ်းဖက်စနစ်ကို ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နဲ့အညီ မှန်ကန်စွာအဖြေရှာပြီး ထိုအကြမ်းဖက်စနစ်များကို စွန့်လွှတ်နိုင်ရေးအတွက် နိုင်ငံရေးအရ စည်းရုံးလှုံ့ဆော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးအပေါင်းတို့အား တစ်အူတုံဆင်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး လူမျိုးရင်းတစ်မျိုးတည်းမှ ဆင်းသက်လာကြတဲ့ ညီအစ်ကိုမောင်နှမအရင်း တိုင်းရင်းသားများဖြစ်ကြသလို နိုင်ငံရဲ့အခြေခံလူ့အခွင့်အရေးများ တန်းတူညီတူခံစားခွင့်အပြည့်အဝရရှိခံစား၊ စံစားခွင့်ရရှိမှသာ တိုင်းရင်းသားလူမျိုးများ စစ်မှန်တဲ့စည်းလုံးညီညွတ်မှုများရှိလာမည်ဖြစ်ပြီး နိုင်ငံသည်လည်း တစ်ဟုန်ထိုးတိုးတက်ဖွံ့ဖြိုးလာကာ ထာဝရငြိမ်းချမ်းရေးရရှိလာမှာဖြစ်ပါတယ်။

(၄) လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ (၅) ချက်နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်များ၊ အခြေခံမူများကို လိုက်နာကျင့်သုံးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ ကမ္ဘာကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် ကမ္ဘာ့ရေးရာကိစ္စအဝဝ၌လည်း ကင်းကွာရပ်တည်၍မရနိုင်ပါ။ ကမ္ဘာ့မိသားစုများနဲ့အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ စသည်တို့ကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်ဖို့၊ ယဉ်ကျေးမှုအနုပညာများ ပူးပေါင်းဖလှယ်ဖို့၊ သိပ္ပံဆိုင်ရာ အသိပညာ၊ အတတ်ပညာ၊ နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်မှုများကို သတိတရားနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(၅) မူးယစ်ထုံထိုင်းပြီး စိတ်ကိုပြောင်းလဲစေတဲ့ ဘိန်းများကို အဓိက စိုက်ပျိုးဖြစ်ထွန်းသော နယ်မြေဒေသများ၌ ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေရန် ဘိန်းအစား ပြည်တွင်းပြည်ပမှဈေးကွက်ကောင်းပြီး တွက်ခြေကိုက်သော ရောင်းပန်းလှတဲ့ ကောက်ပဲသီးနှံများ၊ နှစ်တိုနှစ်ရှည်ပင်များကို ရှာဖွေစိုက်ပျိုးစေ၍ သယံဇာတပစ္စည်းများကိုလည်း ဖော်ထုတ်ပြီး စက်မှုကုန်ထုတ်လုပ်ငန်းများဖြင့် အဓိကစီးပွားရေးလုပ်ငန်းများဖြစ်လာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း အချို့သောတောင်တန်းဒေသများတွင် ရေမြေတောတောင်သဘာဝ၊ ရာသီဥတုအခြေအနေများအရ ဘိန်းစိုက်ပျိုးဖြစ်ထွန်းမှုကို အထူးအားပေးသောဒေသများ၌ ဘိန်းစိုက်ပျိုးမှုလုံးဝကင်းစင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ‘ဝ’နယ်ဒေသ ငြိမ်းချမ်းရေးအဖွဲ့အုပ်ချုပ်တဲ့ နယ်မြေများတွင် ၂၀၀၅ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ဘိန်းပင်တစ်ပင်မျှမရှိတော့ဘဲ လုံးဝပပျောက်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး မူးယစ်ဆေးဝါးဖြစ်တဲ့ ‘ရာမ’ဆေးပြားများ လုံးဝပပျောက်ရေးအတွက် ၂၀၁၄ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် (၁၀)နှစ်တာ စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာကို အသိပေးအပ်ပါတယ်။

(၆) နိုင်ငံတော်အတွင်း၊ အထူးသဖြင့် ‘ဝ’နယ်မြေဒေသနှင့် တောင်ပေါ်တောင်တန်းဒေသများတွင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် လမ်းများတိုးချဲ့ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ခင်မှု၊ နားလည်ယုံကြည်မှုအပြည့်အဝပေးနိုင်တဲ့ ရေသောက်မြစ် ပေါင်းကူးတံတားကြီးတစ်ခုကဲ့သို့ ဖြစ်ပါတယ်။ ‘ဝ’ နယ်ဒေသအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အတွင်း နေရာဒေသအနှံ့အပြားသို့ လမ်းကြီးလမ်းငယ်များ၊ မြေလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာခင်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့် ဖောက်လုပ်ခင်းကျင်းပြီး သွားလာလျက်ရှိကြတာကို တွေ့မြင်ရမှာဖြစ်သကဲ့သို့ မြို့ကြီးမြို့ငယ်၊ ကျေးရွာအုပ်စုအထိလည်း ရေအားလျှပ်စစ်သွယ်တန်းပြီး နေရာတိုင်းတွင် လျှပ်စစ်မီးများလင်းထိန်လျက်ရှိနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်း ခေတ်မီနည်းစနစ်ဖြင့် ရောဂါကာကွယ်ကုသခွင့်ရရှိစေဖို့ ဆေးဝါးဆိုင်ရာ ပစ္စည်းကိရိယာများ အလုံအလောက်ရှိစေဖို့နှင့် ဆေးရုံ၊ ဆေးခန်းများကို လိုအပ်သလို ဆောက်လုပ်ပြီး အခြားတစ်ဖက်မှာလည်း တိုင်းရင်းဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

ပညာရေးကဏ္ဍမှာလည်း ကမ္ဘာ့အဆင့်မီပညာရေးစနစ်ကို ထူထောင်ပြီး နိုင်ငံသားတိုင်း အခြေခံပညာရေးကို အခမဲ့ မသင်မနေရသင်ကြားဆည်းပူးစေ၍ အထက်တန်းပညာရပ်များကို လွတ်လပ်စွာ မိမိဝါသနာအလျောက် စိတ်အားထက်သန်တဲ့ ပညာရပ်များကို ရွေးချယ်သင်ကြားနိုင်ဖို့ ဖန်တီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

(၇) တိုင်းရင်းသားလူမျိုးစုများရဲ့ စာပေယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ အနုပညာများ တိုးတက်ဆန်းသစ် ရှင်သန်လာအောင် ပြုစုပျိုးထောင်ပေးသွားမှာ ဖြစ်ပါတယ်။ လူမျိုးတစ်မျိုးရပ်တည်နိုင်ဖို့ဟာ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားစသည်များ ရှိဖို့လိုပါတယ်။ ရှိပြီးသားယဉ်ကျေးမှုများကို ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အဲဒီလူမျိုးတွေရဲ့ လူနေမှုအဆင့်အတန်း၊ အတွေးအခေါ်၊ အယူအဆ၊ အမြော်အမြင်များလည်း သိသိသာသာတိုးတက် ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ တိုင်းရင်းသားလူမျိုးများအင်မတန် မြတ်နိုးတန်ဖိုးထားတဲ့ မိမိတို့ရဲ့စာပေယဉ်ကျေးမှုများကို အထူးဂရုပြုထိန်းသိမ်းသွားနိုင်ဖို့ အားပေးအားမြှောက်ပြုရင်း တိုင်းရင်းသားလူမျိုးများရဲ့ ချစ်ခင်ရင်းနှီးမှု၊ ကြည်ညိုလေးစားမှု၊ ယုံကြည်အားကိုးမှု၊ စည်းလုံးညီညွတ်မှုများ အပြန်အလှန်ရယူတည်ဆောက်ပြီး အစွမ်းကုန် ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

လူထုလူတန်းစားများအပေါ် ကျွန်တော်တို့ရဲ့ သဘောထားနဲ့ အမြင်ကတော့ ပြည်သူ့ဝန်ထမ်းများဟာ နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးကို အချိန်ပြည့်အလုပ်အကျွေးပြုရတဲ့ အမာခံအင်အားစုများဖြစ်ကြပါတယ်။ ရသင့်ရထိုက်၊ ခံစားသင့်ခံစားထိုက်တဲ့ အခွင့်အရေးများ၊ အပြည့်အဝရရှိခံစားနိုင်ဖို့ အစွမ်းကုန် အားပေးသွားမှာဖြစ်ပါတယ်။ အလုပ်သမားများအနေနဲ့ ကာယ၊ ဉာဏ၊ ဝီရိယ၊ စွမ်းအားနဲ့အညီ အလုပ်လုပ်သလောက် လုပ်အားတန်ဖိုးအပြည့်အဝရရှိခံစားစေဖို့နဲ့ အိုမင်းမစွမ်းဖြစ်တဲ့အခါမှာ ဘဝအာမခံချက်ရရှိဖို့ စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများဟာ နိုင်ငံတော်ရဲ့ မဟာအင်အားစုကြီးဖြစ်တာမို့ လယ်ယာလုပ်ငန်းခွင်မှာ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ လယ်ယာထွက်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်လာစေဖို့ လယ်လုပ်သူလယ်ယာပိုင်ဆိုင်ခွင့်ရရှိဖို့၊ ဆန္ဒအလျောက် စိုက်ထုတ်ပြီး၊ ဆန္ဒအလျောက် လွတ်လပ်စွာရောင်းဝယ်ဖောက်ကား၊ သိုလှောင်ကြိတ်ခွဲ၊ ဖြန့်ဖြူးပိုင်ခွင့်ရှိဖို့နဲ့ အခြားတစ်ဖက်မှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ်သို့ ပြောင်းလဲဖို့၊ လိုအပ်တဲ့ ကုန်ထုတ်စွမ်းအားစုများကို အပြည့်အဝရရှိဖို့ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနဲ့ ညှိနှိုင်းကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

နောင်တစ်ခေတ်နိုင်ငံတော်ရဲ့ ခေါင်းဆောင်လောင်းများဖြစ်ကြတဲ့ လူငယ်လူရွယ်များကို ဘက်စုံခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ လူကောင်းလူတော်၊ နိုင်ငံသားများဖြစ်ပေါ်လာဖို့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ကာကွယ်ရေး၊ လုံခြုံရေးလုပ်ငန်းများမှာ ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းပြီး အရွယ်ရောက်မိန်းကလေး၊ ယောကျာ်းလေးများကို အခြေခံစစ်ပညာတတ်ကျွမ်းအောင် သင်ကြားစေပြီး အစဉ်နုပျိုရှင်သန်ခေတ်မီတဲ့ တပ်မတော်ကြီးဖြစ်လာဖို့ အားပေးကူညီသွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများနဲ့ ဒီမိုကရေစီ လိုလားကြတဲ့ ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ “ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ရွေးကောက်ပွဲဝင် သင်္ကေတအထိမ်းအမှတ် တံဆိပ်ဟာ သမိုင်းဝင် ‘လွေးမူးတောင်’ ခေါ် တောင်သုံးလုံး၊ အလယ်တောင်ထိပ်ပေါ်တွင် ကြယ်ဖြူကြီးတစ်ပွင့် ထွန်းတောက်နေတဲ့ သင်္ကေတအမှတ်တံဆိပ်ဖြစ်ပါတယ်။ အဲဒီလွေးမူးတောင်ဟာ ကျွန်တော်တို့ ‘ဝ’ လူမျိုးများ အမြတ်တနိုးတန်ဖိုးထားပြီး တလေးတစားပြုရတဲ့ သမိုင်းဝင်တောင်ဖြစ်ရုံသာမကဘဲ ရှေးယခင် ‘ဝ’ ဘိုးဘေးဘီဘင်ခေတ်ကတည်းက ‘ဝ’နယ်မြေအတွင်းတွင် ဖြစ်ပေါ်လာသမျှ အထွေထွေသော ပြဿနာရပ်ပေါင်းမြောက်မြားစွာတို့ကို အဲဒီလွေးမူးတောင်ခြေမှာ လာရောက်စုစည်းတိုင်တည်စီရင်ဆုံးဖြတ်ကာ အလုံးစုံသော ပြဿနာရပ်ကြီးငယ်တို့ကို ပြေလည်ငြိမ်းအေးစေတဲ့ မင်္ဂလာရှိပြီး သမိုင်းဝင်ငြိမ်းချမ်းရေးတောင်ဖြစ်ပါတယ်။

ကြယ်ဖြူကြီးတစ်ပွင့်ကတော့ စင်ကြယ်ရိုးသားမနောဖြူတဲ့ ‘ဝ’အမျိုးသားတစ်ရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုနဲ့ တစ်စိတ်တစ်ဝမ်းတည်းအတူပူးပေါင်းနေထိုင်ကြလျက် ချစ်ချစ်ခင်ခင်ရှိကြတာကို ဖော်ညွှန်းတဲ့သင်္ကေတ ဖြစ်ပါတယ်။ အထိမ်းအမှတ်တံဆိပ်ကို ကဗျာဆန်ဆန်ဖွဲ့ဆိုရမယ်ဆိုရင် **‘ထွန်းတောက်ကြယ်စင်-လွေးမူးထိပ်တွင်၊ ကျော်ကြားသည်ကား ‘ဝ’အမျိုးသား’** ဆိုတဲ့ သဘောဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့ ဒီမိုကရေစီလိုလားကြတဲ့ မိဘပြည်သူများခင်ဗျား -**

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသာယာတဲ့နိုင်ငံတော်ကြီးတစ်ရပ်ပေါ်ထွန်းလာဖို့အတွက် ကျွန်တော်တို့ ‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီရဲ့ အခြေခံမူ၊ ရည်ရွယ်ချက်များနဲ့ လုပ်ငန်းစဉ်များကို ပြည်သူများသို့ ချပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူအများအနေနဲ့ တည်ကြည်ပြတ်သားတဲ့နိုင်ငံရေးအမြင်၊ နိုးကြားတက်ကြွတဲ့ အသိစိတ်ဓာတ်ဖြင့် အသေအချာ စိစစ်ဝေဖန်သုံးသပ်ပြီး ဆင်ခြင်တုံတရားနဲ့ ‘မူကောင်းရယ်၊ လူကောင်းရယ်’ကို နိုင်ငံတော်အကျိုး၊ ဒေသအကျိုးအတွက်ရှေးရှုပြီး အမှန်တကယ်သယ်ပိုးဆောင်ရွက်ပေးနိုင်မယ့် ‘လူကောင်း၊ လူတော်’များအတွက် မိမိတို့ရဲ့ အသည်းကြားထဲက မဲတစ်ပြားကို တန်ဖိုးထားကာ အကျိုးရှိရှိအသုံးချပြီး ရွေးကောက်တင်မြှောက်ပေးကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# တအာင်း(ပလောင်)အမျိုးသားပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**တအာင်း(ပလောင်)အမျိုးသားပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးမိုင်းအုဏ်းခိုင်နှင့် ပါတီဗဟိုကော်မတီဝင် ဦးလှဖေတို့က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ တအာင်း(ပလောင်) အမျိုးသားပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။ ပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို တင်ပြခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။

ဦးစွာ တအာင်း(ပလောင်) အမျိုးသားပါတီကို မိတ်ဆက်တင်ပြလိုပါတယ်။ ကျွန်တော်တို့ တအာင်း (ပလောင်) အမျိုးသားပါတီကို ၂၀၁၀ ခုနှစ် မေလ ၂၄ ရက်နေ့ မှတ်ပုံတင်အမှတ်(၁၂)ဖြင့် ဖွဲ့စည်းထူထောင်ခွင့်ရရှိခဲ့ပြီး ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းလုံးမည့်ပါတီတစ်ခုဖြစ်ပါတယ်။ ပါတီရဲ့ အခြေခံမြို့နယ်များအဖြစ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လားရှိုးမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နမ္မတူမြို့နယ်၊ သီပေါမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ နမ့်စန်မြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ ကလောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးမှာ မန္တလေးခရိုင်နဲ့ မိုးကုတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ ရန်ကုန်မြို့တို့ ဖြစ်ပါတယ်။

ပလောင်တိုင်းရင်းသားများ စုစည်းနေထိုင်လျက်ရှိကြတဲ့ ရှမ်းပြည်နယ်မှာ မိုင်းရှူးမြို့နယ်၊ တန့်ယန်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တို့မှာလည်း ထပ်မံတိုးချဲ့ပြီး စည်းရုံးဖွဲ့စည်းသွားဖို့ စီစဉ်လျာထားပါတယ်။

**ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ ပလောင်တိုင်းရင်းသားများဟာ မွန်ခမာအုပ်စုဝင်ဖြစ်ကြပြီး မွန်၊ 'ဝ'၊ ပလောင်လူမျိုးတို့ အလွန်နီးစပ်ကြတဲ့ သွေးချင်းသားရင်းများဖြစ်ကြပါတယ်။ မြန်မာနိုင်ငံအတွင်း ဦးစွာဝင်ရောက် အခြေချနေထိုင်လာခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။ ပလောင်လူမျိုးတို့ဟာ ရှေးအစဉ်အဆက်ကတည်းက ပြည်ထောင်စုဖွားညီနောင်တိုင်းရင်းသားအပေါင်းတို့နဲ့ အေးအတူပူအမျှ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါတယ်။

ကျွန်တော်တို့ ပလောင်လူမျိုးများဟာ မွန်ခမာအုပ်စုဝင်အဖြစ် အာရှတိုက်အလယ်ပိုင်းကုန်းမြင့်၊ မြေပြန့်များမှာ အခြေချနေထိုင်ကြရာမှ တောင်ဘက်သို့ တရွေ့ရွေ့ဆင်းသက်လာကြပြီး မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်လာကြတဲ့ တိုင်းရင်းသားလူမျိုးစုများအနက် မွန်၊ 'ဝ'၊ ပလောင်လူမျိုးတို့က ရှေးဦးဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်၊ 'ဝ'၊ ပလောင်လူမျိုးတို့ဟာ အာရှတိုက်အလယ်ပိုင်းနှင့် တရုတ်ပြည်အနောက်ပိုင်း ကုန်းမြင့်ဒေသများမှ တောင်ဘက်သို့ ဆင်းသက်လာကြပြီးလျှင် မဲနန်မြစ်ဝ၊ မဲခေါင်မြစ်ဝအရပ်ဒေသတို့တွင်လည်းကောင်း၊ မွန်နှင့် ပလောင်တို့က ဧရာဝတီမြစ်ဝ၊ သံလွင်မြစ်ဝ၊ စစ်တောင်းမြစ်ဝအရပ်ဒေသများတွင်လည်းကောင်း၊ မြို့ရွာများတည်ထောင်ကာ အခြေချနေထိုင်ခဲ့ကြပါတယ်။ ပုဂံခေတ် မြန်မာနိုင်ငံတော်ကို ပျူ၊ မွန်၊ ပလောင်၊ ကရင်၊ တောင်သူ၊ သက်၊ ကဒူး၊ ချင်း၊ ရခိုင်၊ မြန်မာ၊ ရှမ်းတို့ ပါဝင်ထူထောင်ကြောင်း မြန်မာသမိုင်းမှာ အထင်အရှားဖော်ပြပါရှိပါတယ်။ **"ပလောင်"**ဟူသော အမည်နာမမှာ မြန်မာအခေါ်အဝေါ် ဖြစ်ပါတယ်။ ရှေးကျောက်စာများမှာ **'ပေါင်လောင်'၊ 'ပေါက်လောင်'**ဟူ၍ ရေးထိုးဖော်ပြပါရှိပါတယ်။ ပလောင်လူမျိုးအားလုံးတို့က မိမိကိုယ်တိုင် တအာင်း(Ta-arng)ဟူ၍ ခေါ်ဆိုကြပါတယ်။

တအာင်း(ခေါ်) ပလောင်လူမျိုးနွယ်များကို ပလောင်၊ ပလေး၊ ပလန်၊ အဲန်း၊ ရီအန်း၊ လွယ်၊ တိုင်းလွယ်၊ ယင်းနက် ဟူ၍လည်း ဒေသအလိုက် သုံးနှုန်းခေါ်ဝေါ်ကြပါတယ်။ ၎င်းတို့အားလုံးသည် ပလောင်မျိုးနွယ်စုများဖြစ်ကြသလို မိမိကိုယ်တိုင် တအာင်း (Ta-arng)ဟူ၍သာ ခေါ်ဝေါ်ကြပါတယ်။ ပလောင်လူမျိုးတို့ဟာ **"အဖနေမင်း၊ အမိနဂါး"**မှ ဆင်းသက်ပေါက်ဖွားလာကြတဲ့ နေ-နဂါး မျိုးနွယ်လို့ ယုံကြည်ကြပါတယ်။

ကျွန်တော်တို့ ပလောင်လူမျိုးများဟာ လက်ဖက်ကို အဓိကစိုက်ပျိုးလုပ်ကိုင်အသက်မွေးဝမ်းကျောင်း ပြုကြတာကြောင့် **"ပလောင်နဲ့ လက်ဖက်"**ကို ယှဉ်တွဲပြီး သိမှတ်ကြလျက်ရှိပါတယ်။ ဒါကြောင့် **"လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်နေ"**လို့ ဆိုရိုးစကားပင်ရှိပါတယ်။ တကယ်လက်ဖက်ကောင်းစားချင်တယ်ဆိုရင် ပလောင်တောင်တက်နေမှသာ တကယ့်လက်ဖက်ကောင်းစားရမယ်လို့ ဆိုထားတဲ့စကားဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ တအာင်း(ပလောင်) အမျိုးသားပါတီရဲ့ အမှတ်တံဆိပ်ကို **(လက်ဖက်ညွှန့်)** သင်္ကေတအဖြစ် ဖော်ပြခြင်းဖြစ်ပါတယ်။ ပလောင်လူမျိုးတို့က မိမိတို့ကိုယ်ကို **"အဖနေမင်း၊ အမိနဂါး"**မှ ပေါက်ဖွား ဆင်းသက်လာကြပြီး **"နေ-နဂါး"** မျိုးနွယ်လို့ ယုံကြည်ထားတာကြောင့်လည်း ပါတီရဲ့အလံကို **"မိုးကောင်းကင်ပြာနောက်ခံနဲ့ အလယ်မှာ နေဝန်းနီ"**အဖြစ် ဖော်ညွှန်းထားပြီး အဖနေမင်းကို ဂုဏ်ပြုဂုဏ်ဆောင်ထားခြင်းဖြစ်ပါတယ်။

၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ပြည်သူ့လွှတ်တော်တစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လေးဦး ဝင်ရောက်အရွေးခံရပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နိုင်သလို ဒေသခံတိုင်းရင်းသား မိဘပြည်သူများရဲ့ လိုအပ်ချက်များကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။

ယခုလာမယ့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာလည်း တအာင်း(ပလောင်) အမျိုးသားပါတီက ရှမ်းပြည်နယ်မှာ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နမ္မတူမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တို့မှာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမှာဖြစ်ပါတယ်။ ယင်းရှစ်မြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းရှစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅ ဦး စုစုပေါင်း ၂၇ ဦး ဝင်ရောက်အရွေးခံကြမှာဖြစ်ကြောင်း သတင်းကောင်းပါးရင်း မိဘပြည်သူအပေါင်းတို့ကို တင်ပြအပ်ပါတယ်။

တအာင်း(ပလောင်) အမျိုးသားပါတီကတော့ တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ရဲ့ လူမှုစီးပွားဘဝ အစဉ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရရှိထားပြီးဖြစ်တဲ့ အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရေးနှင့် အမွေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးသွားနိုင်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ ပြည်သူ့အုပ်ချုပ်ရေးစနစ်အဖြစ် ချမှတ်ထားတာဖြစ်လို့ ပြည်သူလူထုအပေါင်းရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဟာ အင်မတန်အရေးပါပါကြောင်း ယုံကြည်ခံယူထားပါတယ်။ မိဘပြည်သူများက မိမိသဘောကျနှစ်သက်ယုံကြည်တဲ့ ပါတီအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို လွတ်လပ်စွာ ရွေးချယ်နိုင်ရေးအတွက် အထွေထွေရွေးကောက်ကို ကျင်းပကြတော့မှာဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ပါတီအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များရဲ့ မူဝါဒသဘောထား၊ လုပ်ငန်းစဉ်များအပေါ် လေ့လာစမ်းစစ်သုံးသပ်ပြီးတော့ လွတ်လွတ်လပ်လပ် မဲပေးရွေးချယ်ခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါလို့ လှုံ့ဆော်တိုက်တွန်းတင်ပြအပ်ပါတယ်။

တအာင်း(ပလောင်) အမျိုးသားပါတီရဲ့ မူဝါဒ၊ သဘောထား လုပ်ငန်းစဉ်များကို သိရှိနိုင်ကြစေဖို့ရာ ပါတီဗဟိုကော်မတီဝင်(ဦးလှဖေ)က ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ **ကျေးဇူးတင်ပါတယ်ခင်ဗျား။**




**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား-**

ကျွန်တော်ကတော့ တအာင်း(ပလောင်)အမျိုးသားပါတီ ပါတီဗဟိုကော်မတီဝင် ဦးလှဖေဖြစ်ပါတယ်။ ယခုလို အခါသမယမှာ တအာင်း(ပလောင်) အမျိုးသားပါတီရဲ့ မူဝါဒသဘောထား၊ လုပ်ငန်းစဉ်များကို တင်ပြခွင့်ရရှိတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်လှပါတယ်။ မိဘပြည်သူအပေါင်းတို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း နှစ်ဖြာသောမင်္ဂလာအပေါင်းပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ ယုံကြည်ချက်က **လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ကိုယ်ချင်းစာကရုဏာတရားထားရှိခြင်း၊ အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ထွန်းကားရေးကို အခြေခံသော အမျိုးသားဝါဒကို ယုံကြည်ခံယူထားပါတယ်။**

တိုင်းရင်းသား သွေးစည်းညီညွတ်ရေး၊ တိုင်းရင်းသားများအခွင့်အရေး၊ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာ ကိုယ်တိုင်ဖန်တီးခွင့်နဲ့ စစ်မှန်သော ငြိမ်းချမ်းရေးတို့ကို အာမခံတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရည်မှန်းချက်ထားရှိပါတယ်။

တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ်များကို အလေးထားတင်ပြလိုပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုကြီးဖြစ်ပါတယ်။ ဒါကြောင့် တည်တံ့ခိုင်မြဲသော သွေးစည်းညီညွတ်မှုကို အာမခံနိုင်တဲ့ စစ်မှန်သော ပြည်ထောင်စုကြီးဖြစ်ပေါ်ရေး၊ နိုင်ငံသားအခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ တန်းတူညီမျှမှုအခွင့်အရေးအပြည့်အဝရရှိမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ကြီးရဲ့ နိုင်ငံရေးဖြစ်စဉ်များမှာ အားလုံးပါဝင်ခွင့်ရရှိစေရေးနဲ့ တန်းတူညီမျှမှု၊ အခွင့်အရေးများ ရှိကြရပါမယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ အတူယှဉ်တွဲပြီး အေးချမ်းတည်ငြိမ်စွာ စုပေါင်းနေထိုင်လာကြတဲ့ ပြည်ထောင်စုကြီးမှာလူမျိုးစု လူနည်းစု "ပကတိတည်ရှိနေခြင်း"ကို အသိအမှတ်ပြုရေးနှင့် မတူကွဲပြားရှိနေခြင်းကို လေးစားအသိမှတ်ပြုပြီးတော့ မတူကွဲပြားမှုအပေါ်အခြေခံသော စည်းလုံးညီညွတ်ရေး(Unity in Diversity)ကို ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ အမျိုးသားလက္ခဏာ(National Identity)ကာကွယ်စောင့်ရှောက်ရေးအတွက် ယဉ်ကျေးမှုလွတ်လပ်ခွင့် [Cultural Selfdetermination(or)Cultural Autonomy] အပြည့်အဝရရှိနိုင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

လူသားတိုင်း မွေးရာပါအခွင့်အရေးကို တန်ဖိုးထားပြီး အမျိုးသမီးများအား ဥပဒေဆိုင်ရာအခွင့်အရေးများ၊ နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် အထူးဥပဒေများပြဋ္ဌာန်း၍ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းမြှင့်တင်နိုင်စေရန် ဆောင်ရွက်ကြရပါမယ်။

လူငယ်နှင့် နိုင်ငံရေးကဏ္ဍတွင် အမျိုးသားရေးအသွင်ဖြင့် လူငယ်အခွင့်အရေးများကို ဖော်ဆောင်ပေးပြီး လူငယ်လူရွယ်များ၏ အခန်းကဏ္ဍများကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ရပါမယ်။

နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက်မှာ အရေးကြီးလှတဲ့ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးအခန်းကဏ္ဍအား နိုင်ငံတကာအဆင့်မီ ပြုပြင်ပြောင်းလဲတိုးတက်လာစေရန်နှင့် အမျိုးသားပညာရေးမူဝါဒချမှတ်နိုင်စေရန် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မိမိတို့ဒေသအတွင်းရှိကျောင်းများမှာ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုအမွေအနှစ်၊ သမိုင်းအစဉ်အလာများကို ပြဋ္ဌာန်းသင်ကြားနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။

တောင်သူလယ်သမားများနှင့် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်စိုက်ပျိုးသော လယ်ယာမြေများကို အကာအကွယ်ပြုပေးသွားမှာ ဖြစ်ပါတယ်။ လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ပိုင်ခွင့်နှင့် ထွက်ရှိလာသော သီးနှံများအား လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်အောင် ဆောင်ရွက်ပေးကြမှာဖြစ်ပါတယ်။

လူမှုဖွံ့ဖြိုးရေးများလုပ်ဆောင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ အိမ်တွင်းမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အသေးစားငွေစုငွေချေး၊ တစ်အိမ်ထောင်(သို့မဟုတ်) တစ်ရွာထုတ်ကုန်တစ်မျိုးစနစ်၊ သောက်သုံးရေရရှိရေး၊ လမ်းတံတားဆောက်လုပ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ အလတ်စား/အသေးစားကုန်ထုတ်လုပ်ငန်းများ စသည်ဖြင့် လူထုစွမ်းအားအခြေပြုအကျိုးသက်ရောက်စေသည့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဖော်ဆောင်နိုင်အောင် ကြိုးပမ်းမှာဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေးဖြစ်ထွန်းမှုဖြစ်စဉ်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စစ်မှန်သော တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာမှာ မိမိတို့ လူ့ဘောင်အဖွဲ့အစည်းအတွင်း မတူညီမှုများနှင့် သဘောထားကွဲလွဲမှုများကို ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းထက် ကျော်လွန်သည့် နိုင်ငံရေးယဉ်ကျေးမှုသစ်ဟူသော တွေ့ဆုံညှိနှိုင်းရေးနည်းလမ်းဖြင့် အဖြေရှာဖွေခြင်းကို ကြိုးပမ်းလုပ်ဆောင်သွားရပါမယ်လို့ ခံယူပါတယ်။

တအာင်း(ပလောင်)အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ကြရာမှာ စနစ်တကျ မှန်မှန်ကန်ကန်အကောင်အထည်ဖော်ဆောင်နိုင်ဖို့ရာအတွက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုများ စနစ်တကျရှိဖို့နဲ့ မှန်ကန်သောလုပ်ဆောင်ချက်တွေဖြစ်လာစေဖို့မှာ မိဘပြည်သူများရော ပါတီအဖွဲ့အစည်းများမှာပါ တာဝန်ရှိတယ်လို့ ထင်မြင်ယူဆပါတယ်။

ဒီမိုကရေစီအလေ့အထရှင်သန်လာတာနဲ့အမျှ၊ တည်ငြိမ်ရင့်ကျက်လာတာနဲ့အမျှ၊ ဒီမိုကရေစီယဉ်ကျေးမှုတွေ ထွန်းကားလာတာနဲ့အမျှ မိဘပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုတွေဟာ ပိုမိုစနစ်ကျလာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်မှုများကို များစွာဖြစ်ထွန်းလာစေမှာဖြစ်တယ်လို့ ယုံကြည်ပါကြောင်း ဒီနေရာကတင်ပြလိုက်ပါတယ်။

လာမယ့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ တအာင်း(ပလောင်) အမျိုးသားပါတီ ဝင်ရောက်ယှဉ်ပြိုင်မယ့်နေရာတွေမှာ မိဘပြည်သူအပေါင်းတို့ရဲ့ ထောက်ခံအားပေးမှုကို ယုံကြည်အားကိုးပါကြောင်းနဲ့ မိဘပြည်သူအပေါင်းတို့ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းကြပါစေကြောင်း တအာင်း(ပလောင်) အမျိုးသားပါတီရဲ့ကိုယ်စား ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးနိုင်လှအောင်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မွန်ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူ ပြည်သားများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုလိုက်ပါတယ်-

မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၌ မွန်ကိုကိုယ်စားပြုသည့် ပါတီတစ်ခုရှိသင့်ကြောင်း၊ ရှိလျှင်လည်း တစ်ခုတည်းသာရှိသင့်ကြောင်း ပြည်သူတို့၏ဆန္ဒနှင့်အညီ ၂၀၁၀ ခုနှစ် ဧပြီ ၇ ရက်တွင်ပါတီကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၏ နိုင်ငံရေးဝါဒသဘောထားကို တင်ပြပါမယ်-

(၁) ပြည်သူတစ်ရပ်လုံးဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝ ရရှိလာစေရန်၊
(၂) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်၊
(၃) စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းပေါ်ပေါက်လာစေရန်။
(၄) စစ်မှန်သော ပြည်ထောင်စုပေါ်ထွန်းတည်တံ့ခိုင်မြဲရန်။
(၅) အဂတိလိုက်စားမှုများနှင့် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သွားရန်၊
(၆) လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်၊
(၇) ငြိမ်းချမ်းသော ကမ္ဘာ့လူနေမှုစနစ် ထွန်းကားလာရေးဆောင်ရွက်သွားရန် တို့ဖြစ်ကြပါတယ်။

ဒ့ါအပြင် ပါတီ၏မူဝါဒအတိုင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူခြင်းတည်းဟူသော လောကပါလတရားနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းရင်းသားတန်းတူရေး၊ ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အပြည့်အဝ အာမခံချက်ရရှိလာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တစ်ဖန် ၂၀၀၈ အခြေခံဥပဒေနှင့်စပ်လျဉ်းပြီး ညီနောင်တိုင်းရင်းသားပါတီများ၊ မဟာမိတ်ပါတီများ၊ ဒီမိုကရေစီအင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် အခြားသော ပြည်တွင်း ပြည်ပ တတ်သိပညာရှင်တို့နှင့် လက်တွဲပူးပေါင်းညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး တည်ဆဲဥပဒေများနှင့်အညီ ပြင်ဆင်သွားနိုင်ရန် တစိုက်မတ်မတ် ကြိုးစားသွားမည်ဖြစ်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ၂၀၁၀ ရွေးကောက်ပွဲ၌ လွှတ်တော်အသီးသီးတွင် ကိုယ်စားလှယ်ပေါင်း ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မွန်ဒေသအတွင်းရှိ ပြည်သူလူထုတို့ တစ်ခဲနက်ထောက်ခံမှုကြောင့် ၁၆ ဦး အနိုင်ရရှိခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အထိုက်အလျောက်ရရှိထားသည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော လမ်း၊ တံတား၊ ဆည်မြောင်း တာတမံများ၊ ဆေးရုံဆေးခန်းများ၊ ကျေးရွာလျှပ်စစ်မီးရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ သိမ်းဆည်းလယ်ယာမြေများနှင့် ပတ်သက်ပြီးတော့ မူလပိုင်ရှင်များ ပြန်လည်ရရှိနိုင်ရန် ဆောင်ရွက်ရာ၌ အထိုက်အလျောက် အောင်မြင်ခဲ့သည့်အပြင် အစိုးရကျောင်းများတွင် မူလတန်းအဆင့်၌ကျောင်းချိန်အတွင်း တိုင်းရင်းသားစာပေ၊ မွန်စာကို စနစ်တကျသင်ကြားနိုင်ရေးအတွက် အထူးဆောင်ရွက်ခဲ့ပါတယ်။ ဒါတင်မကသေးပါ။ ရှေးဟောင်းမွန်မြို့ပြနိုင်ငံဖြစ်သော သုဝဏ္ဏဘူမိသထုံမြို့ဟောင်းကို ပြန်လည်ထူးဖော်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့်အပြင် ရှေးဟောင်းမွန်မြို့ပြ စာတမ်းဖတ်ပွဲများဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မွန်တို့၏ ရှေးဟောင်းသမိုင်းကိုလည်း ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် မွန်တစ်မျိုးသားလုံး ညီညွတ်ရေးသည် မွန်လူမျိုးများအတွက် အဓိကလိုအပ်ချက်ဖြစ်သည်ကို မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ အလေးအနက်ယုံကြည်ထားပါတယ်။ ပါတီမူဝါဒလုပ်ငန်းစဉ်များနှင့် မဆန့်ကျင်လျှင် မည်သည့်အဖွဲ့အစည်းနှင့်မဆို လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ သို့သော် ညီညွတ်ရေးဆိုသည်မှာ အလျင်စလိုနှင့် အချိန်တိုအတွင်း တည်ဆောက်နိုင်မည် မဟုတ်ရာ အခြေအနေအချိန်အခါနှင့် လိုက်လျောညီစွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ညီနောင်တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ အတူတကွ လက်တွဲပူးပေါင်းပြီး တန်းတူ၍ တရားမျှတသည့် မူလအခွင့်အရေးများရရှိနိုင်ရန် တိုင်းရင်းသားနိုင်ငံရေးပါတီပေါင်း(၂၂)ပါတီဖြင့် ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်းကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ၂၀၁၅ ခုနှစ် နိုင်ဝင်ဘာ(၈)ရက်နေ့တွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲတွင် ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပါတယ်။ အခြေခံဥပဒေပါ ပြည်နယ်ဥပဒေပြုခွင့်အာဏာ ပိုမိုရရှိနိုင်ရေး၊ ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်မှ တိုက်ရိုက်ရွေးချယ်တင်မြောက်နိုင်ရေး၊ အစိုးရကျောင်းများတွင် အလယ်တန်းအဆင့်ထိ ကျောင်းချိန်အတွင်း မွန်စာသင်ကြားနိုင်ရန်နှင့် ဒေသအတွင်း တက္ကသိုလ်ကောလိပ်များတွင် မွန်စာဌာနများ ဖွင့်လှစ်နိုင်ရေး၊ မွန်ဒေသများအတွင်းရှိ အစိုးရဌာနရုံးများတွင် မွန်လူမျိုးဝန်ထမ်းခန့်အပ်နိုင်ရေး၊ ကျန်ရှိနေသေးသည့် သိမ်းဆည်းလယ်ယာမြေများ အပြည့်အဝပြန်လည်ရရှိနိုင်ရေးနှင့် ပြည်နယ်အကျိုး၊ ပြည်ထောင်စုအကျိုး၊ ပြည်သူလူထုအကျိုးရှိစေမည့် လုပ်ငန်းများကိုလည်း အခြေအနေအချိန်အခါနှင့်အညီ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆက်လက်ဆောင်ရွက်သွားမယ်ဖြစ်ပါတယ်။ နိုင်ငံတော်တွင် အချင်းချင်း အပြန်အလှန်တန်ဖိုးထားမှု၊ ယုံကြည်မှု အပေါ်အခြေခံသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင်လည်း တိုင်းရင်းသားအားလုံးနည်းတူ မွန်တိုင်းရင်းသားများလည်း တစ်တပ်တစ်အားပါဝင်သွားမည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။



အချုပ်အားဖြင့် ကျွန်ုပ်တို့၏ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် မိမိပါတီ၏ နိုင်ငံရေးသဘောထားနှင့်အညီ မူလလုပ်ငန်းဆောင်တာများကို လက်ရှိအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မွန်ဒေသနှင့် မွန်တစ်မျိုးသားလုံးအတွက် ကိုယ်စားပြုရပ်တည်ပြီး ပြည်သူတို့အတွက် ဆတက်ထမ်းပိုး ဆောင်ရွက်သယ်ပိုးသွားမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြုအပ်ပါတယ်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျာ-

ကျွန်ုပ်တို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကိုယ်စား တိုက်တွန်းပြောကြားလိုသည်မှာ-

အကြောက်တရားကင်းဝေးပြီး ချစ်ကြည်ရင်းနှီးစွာ၊ ငြိမ်းငြိမ်းချမ်းချမ်း၊ အတူတကွ အသက်ရှင်နေထိုင်သွားကြမည့် လူ့အဖွဲ့အစည်းကြီးဖြစ်ပေါ်လာစေရန်နှင့် သင့်ရဲ့မျှော်လင့်ချက်ပြည့်ဝဖို့ **“မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ”** ကို **“မဲ”** ပေးစို့. . . . .

တိုင်းရင်းသားပြည်သူအပေါင်း ကာယသုခ၊ စိတ္တသုခချမ်းသာ နှစ်ဖြာသော အကျိုးတရားတွေနဲ့ ပြည့်စုံနိုင်ကြပါစေ ဆုမွန်ကောင်းပြုလိုက်ပါတယ်။

မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ
- လွတ်လပ်ခွင့်အတွက် လူတိုင်းမွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲပေးကြပါ။
- တန်းတူညီမျှရေးအတွက် လူတိုင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲပေးကြပါ။
- တရားမျှတရေးအတွက် လူတိုင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲပေးကြပါ။
- အခွင့်အရေးအမှန်ပေါ်ပေါက်ရန်အတွက် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို မဲပေးကြပါ။
- ပြောင်းလဲဖို့ဟော့ ပြည်သူ့ပါတီဟော့ အိုပြည်သူမွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းထုတ်ပြန်ချက်အမှတ် (၁၁)နှင့် (၁၂)ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် စက်တင်ဘာ (၁၁)ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်အမှတ်(၁၁)နှင့် (၁၂)တို့ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အမှတ်(၁၁)တွင် မန္တလေးတိုင်းဒေသကြီး ရတနာပုံတက္ကသိုလ်မှ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော ဆန္ဒပြကျောင်းသားလေးဦးက စာမေးပွဲဖြေဆိုရန်အတွက် အချုပ်လွတ်ထုချေခွင့် အာမခံလျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ကျောင်းသားများ၏ ပညာသင်ကြားမှုအခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ၎င်းတို့၏ လျှောက်ထားချက်ကို အလေးထားစဉ်းစားပေးသင့်ကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည် ဟူ၍လည်းကောင်း၊ သတင်းထုတ်ပြန်ချက်အမှတ်(၁၂)တွင် ၂၀၁၅ခုနှစ် မတ်(၁၀)ရက်က လက်ပံတန်းမြို့၌ အမျိုးသားပညာရေးဥပဒေပြင်ဆင်ပေးရေးအတွက် ဆန္ဒပြသော သပိတ်စစ်ကြောင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းခဲ့မှုနှင့်ပတ်သက်၍ အဓိကရုဏ်းဖြစ်ပွားသည့်နေ့တွင် နည်းလမ်းတကျ လိုက်နာဆောင်ရွက်ခြင်းမရှိသော ရဲတပ်ဖွဲ့ဝင်များအား ထိုက်သင့်သလို အရေးယူသင့်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအား ရေသန့်ဘူးဖြင့် စတင်ပစ်ပေါက်ခဲ့သူများ၊ ရဲတပ်ဖွဲ့၏ ယာယီတဲများနှင့် အတားအဆီးများကို ဖျက်ဆီးခဲ့သူများ၊ တုတ်၊ ခဲများနှင့် ပစ်ပေါက်ခဲ့သူများအား ဥပဒေနှင့်အညီ အရေးယူသင့်ကြောင်း၊ ရုန်းရင်းဆန်ခတ်ဖြစ်ပွားချိန်တွင် အဓိကရုဏ်းနှိမ်နင်းရေးလုပ်ငန်းစဉ် အဆင့်အဆင့်အတိုင်းမလုပ်ဆောင်ဘဲ အဆင့်ကျော်လွန်ပြီး ဆောင်ရွက်ခဲ့သူများအား အရေးယူသင့်ကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည် ဟူ၍ လည်းကောင်း ဖော်ပြပါရှိသည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီနှင့်ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၂ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ဖက်ဒဲရာနှင့် ဝေါ်ရင်ကာ၊ ဂျိုကိုဗစ်ချ်နှင့် လက်ရှိချန်ပီယံစီလစ်တို့တွေ့ဆုံနေကြသည့် ယူအက်စ်အိုးပင်း အကြိုဖိုင်နယ်လုပွဲ ပွဲစဉ်များ



ယူအက်စ်အိုးပင်း အမျိုးသားတစ်ဦးချင်းပွဲစဉ်များမှာ အကြိုဗိုလ်လုပွဲအဆင့်အထိရောက်ရှိလာပြီဖြစ်ပြီး ဖက်ဒဲရာနဲ့ ဝေါ်ရင်ကာ၊ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်ချ်နဲ့ လက်ရှိချန်ပီယံစီလစ်တို့တွေ့ဆုံယှဉ်ပြိုင်ကြမှာဖြစ်တဲ့အတွက် တင်းနစ်ပရိသတ်တွေအနေနဲ့ ၂၀၁၅နောက်ဆုံး ဂရင်းစလင်းပြိုင်ပွဲကြီးကို ရင်ခုန်စိတ်လှုပ်ရှားမှုအပြည့်နဲ့ ကြည့်ရှုရတော့မှာဖြစ်ပါတယ်။

အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်တွေကိုတော့ ရာသီဥတုအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး ဆရီနာဝီလျံနဲ့ဗင်စီ၊ ဟီလပ်နဲ့ ပင်နီတာတို့ရဲ့ ပွဲစဉ်တွေကြောင့် ပရိသတ်တွေကို အပြည့်အဝဖမ်းစားနိုင်ဦးမှာပါ။

အမျိုးသားပွဲစဉ်တွေမှာ ဆွစ်တင်းနစ်အကျော်အမော် ဖက်ဒဲရာက ကွာတားဖိုင်နယ်အဆင့်မှာပြင်သစ်နိုင်ငံသား ဂက်စကွက်ဇ်ကို ၈၁မိနစ်အတွင်းမှာပဲ ၆-၃၊ ၆-၃၊ ၆-၁နဲ့ အနိုင်ယူနိုင်ခဲ့သလို၊ ဆွစ်ကစားသမား ဝေါ်ရင်ကာက လည်း တောင်အာဖရိကကစားသမား အန်ဒါဆင်ကို ၆-၄၊၆-၄၊၆-၀နဲ့ အလွယ်တကူပဲအနိုင်ယူနိုင်ခဲ့တာကြောင့် ဒီဆွစ်ကစားသမားနှစ်ဦးဟာ ယူအက်စ်အိုးပင်းအကြို ဗိုလ်လုပွဲစဉ်မှာ ပြိုင်ဘက်တွေအဖြစ်ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ ဖက်ဒဲရာက (၂)ဖြစ်ပြီး၊ ဝေါ်ရင်ကာက (၅)ဖြစ်ပါတယ်။

ဖက်ဒဲရာအနေနဲ့ ဝေါ်ရင်ကာကို စုစုပေါင်း (၁၉) ကြိမ်တွေ့ဆုံခဲ့ရာမှာ (၁၆) ကြိမ်အထိ အနိုင်ယူနိုင်ခဲ့ပေမယ့် နောက်ဆုံးတွေ့ဆုံယှဉ်ပြိုင်ခဲ့တဲ့ ပြင်သစ်အိုးပင်းကွာတားဖိုင်နယ်မှာတော့ ဖက်ဒဲရာ အရေးနိမ့်ခဲ့ပါတယ်။ဒါ့ကြောင့်လည်း ဖက်ဒဲရာရဲ့ဇနီးက အဲဒီပွဲတုန်းကဖက်ဒဲရာရဲ့ ကစားပုံနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်ဟာ တစ်ဦးနဲ့ တစ်ဦးအလွန်ကွာဟနေတာမျိုးမရှိဘဲ ဒေးဗစ်ဖလား ချန်ပီယံ အသင်းဖော်နှစ်ဦးဖြစ်ခဲ့တာကြောင့် တစ်ယောက်ရဲ့ အားသာချက်၊အားနည်းချက်တွေကို တစ်ယောက်က ကောင်းကောင်းသိကြပါတယ်။

ဖက်ဒဲရာက ပြင်သစ်အိုးပင်းမှာ ကစားခဲ့တဲ့ ဝေါ်ရင်ကာရဲ့ ကစားဟန်က သူ့ကိုအငိုက်မိစေခဲ့ပြီး ဗိုလ်လုပွဲမှာလည်း ကမ္ဘာ့နံပါတ်(၁)ဂျိုကိုဗစ်ချ်ကိုတောင် အလဲထိုးနိုင်ခဲ့တာကြောင့် အံ့ဖွယ်ကစားသမားဖြစ်တယ်လို့ချီးကျူးခဲ့ပါတယ်။ဖက်ဒဲရာကတော့ ဒီယူအက်စ်အိုးပင်းက သူ့အတွက် နံပါတ်(၁)ဦးစားပေးပစ်မှတ်ဖြစ်တာကြောင့် ဝေါ်ရင်ကာကိုအနိုင်ကစားပြီး ဗိုလ်လုပွဲဆီကိုအရောက်သွားမယ်လို့ဆိုခဲ့ပါတယ်။

နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂျိုကိုဗစ်ချ်နဲ့ စီလစ်တို့ရဲ့ ပွဲစဉ်မှာတော့ စီလစ်ဟာ လက်ရှိချန်ပီယံဆိုပေမယ့် ဂျိုကိုဗစ်ချ်ကို ဖြတ်ကျော်ပြီး ဗိုလ်လုပွဲတက်ရောက်ဖို့ဆိုတာ အင်မတန်ခဲယဉ်းတဲ့ကိစ္စရပ်ပဲဖြစ်ပါတယ်။ ဒါ့အပြင် စီလစ်နဲ့ ဂျိုကိုဗစ်ချ်တို့ စုစုပေါင်း ၁၃ကြိမ်တွေ့ဆုံခဲ့ရာမှာ ဂျိုကိုဗစ်ချ်ကသာ အကြိမ်တိုင်းအနိုင်ယူထားနိုင်ခဲ့တာကလည်း စီလစ်ကိုအကြပ်ရိုက်စေခဲ့တဲ့ကိစ္စရပ်ဖြစ်နေမှာပါ။

သေချာတာတစ်ခုကတော့ ယူအက်စ်အိုးပင်း ဗိုလ်လုပွဲကို ဆွစ်ကစားသမားတစ်ဦး တက်ရောက်နိုင်မှာဖြစ်သလို၊ စီလစ်ကပဲလက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး ဗိုလ်လုပွဲဆီကိုအရောက်သွား နိုင်မလား ဒါမှမဟုတ် ဂျိုကိုဗစ်ချ်ကပဲ သူဟာဘာကြောင့် ကမ္ဘာ့အဆင့်(၁)နေရာကို အချိန်အကြာ ကြီးထိန်းသိမ်းနိုင်တယ်ဆိုတာကို သက်သေပြပြီး. . .

**ရှိုင်ယန်ဟေဒင်**

## စက်တင်ဘာ ၁၂ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

| | | |
|---|---|---|
| **ပရီမီယာလိဂ်** | | |
| အဲဗာတန် | - ချဲလ်ဆီး | ည-၆း၁၅ |
| နော့ဝှစ်ချ် | - ဘုန်းမောက် | ည-၈း၃၀ |
| ခရစ္စတယ်ပဲလေ့စ် | - မန်စီးတီး | ည-၈း၃၀ |
| ဝက်စ်ဘရွမ်း | - ဆောက်သမ်တန် | ည-၈း၃၀ |
| အာဆင်နယ် | - စတုတ် | ည-၈း၃၀ |
| ဝတ်ဖို့ဒ် | - ဆွမ်ဆီး | ည-၈း၃၀ |
| မန်ယူ | - လီဗာပူး | ည-၁၁း၀၀ |
| **စပိန်လာလီဂါ** | | |
| အက်စ်ပန်ညော | - ရီးယဲယ်မက်ဒရစ် | ည-၈း၃၀ |
| ဂီတွန် | - ဗလန်စီယာ | ည-၁၀း၄၅ |
| အက်သလက် | - ဘာစီလိုနာ | နံနက်-၁း၀၀ |
| ဘက်တစ် | - ဆိုစီဒက် | နံနက်-၂း၃၀ |
| **စီးရီးအေ** | | |
| ဖီယိုရင်တီနာ | - ဂျီနိုအာ | ည-၁၀း၃၀ |
| ဖရိုစီနိုနီ | - ရိုးမား | ည-၁၀း၃၀ |
| ဂျူဗင်တပ် | - ခီယေဗို | နံနက်-၁း၁၅ |

**မောင်မောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# မန်ယူတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရချင်ကြောင်း ဒီဂီယာဖွင့်ဟ

မန်ယူဂိုးသမားဒီဂီယာက သူ့အနေဖြင့်မန်ယူ၏ပထမပွဲထွက်ကစားခွင့် ပြန်လည်ရရှိလိုကြောင်းနှင့် မန်ယူတွင်သာပျော်ရွှင်နေကြောင်း ဖွင့်ဟပြောကြား ခဲ့သည်။ ဒီဂီယာသည် အပြောင်းအရွှေ့နောက်ဆုံးနေ့ရက်တွင် ရီးယဲလ်သို့ ပြောင်းရွှေ့ရန် သဘောတူညီခဲ့သော်လည်း စာရွက်စာတမ်းကိစ္စအပြီးမသတ် နိုင်ခြင်းကြောင့် အပြောင်းအရွှေ့ကိစ္စရပ်မှာ ပျက်ပြယ်ခဲ့ခြင်းဖြစ်သည်။

ဒီဂီယာသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအတွက် တစ်ပွဲမျှဝင်ရောက်ကစားခွင့်မရသေးဘဲ အရန်ခုံတွင်သာ အချိန်ကုန်နေရသည်။မန်ယူနည်းပြ ဗန်ဟားလ်အနေဖြင့် ရီးယဲလ်သို့ပြောင်းရွှေ့ရန် တောက်လျှောက် ကြိုးပမ်းနေသောဒီဂီယာမှာ ပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှုလျော့နည်းနေသည့် အတွက် ပွဲထွက်ကစားခွင့်မပေးခဲ့ခြင်း ဖြစ်သည်။

ယခုကာလအတွင်းမှာပင် ရီးယဲလ်ဥက္ကဌပီရက်ဇ်က ဒီဂီယာအားလာမည့်ဆောင်းရာသီအပြောင်းအရွှေ့တွင် ခေါ်ယူမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ စပိန်နှင့်အတူဥရောပဖလားခြေစစ်ပွဲဝင်ရောက်ကစားနေသော ဒီဂီယာမှာ ရီးယဲလ်ဘက်မှ ယင်းသို့ပြောကြားခဲ့ပြီးနောက် ၎င်းမှာ လီဗာပူးအားရင်ဆိုင်ရမည့်ပွဲတွင် မန်ယူအတွက် ကစားရန်အသင့်ရှိနေ ပြီဖြစ်ကြောင်းဆိုခဲ့သည်။

မန်ယူမှာ ချန်ပီယံလိဂ်ကစားမည့်ကစားသမားအင်အား စာရင်းကိုပေးခဲ့ရာ ဒီဂီယာ၏အမည်ကိုထည့်သွင်းခဲ့သည့်အတွက် ဒီဂီယာကသူ့အနေဖြင့် အခြေအနေအားလုံး ကောင်းမွန်လာပြီဟု ခံစားရပြီး ကံကောင်းလာပြီဖြစ်ကြောင်း မက်ဆီဒိုနီးယားနှင့်ကစားခဲ့သည့်ပွဲအပြီးတွင် သတင်းထောက်များသို့ပြောကြား ခဲ့သည်။ ဒီဂီယာနှင့်မန်ယူတို့အကြား ချုပ်ဆိုထားသောစာချုပ်မှာ သက်တမ်း တစ်နှစ်သာ ကျန်ရှိတော့ပြီး မန်ယူ၏စာချုပ်သစ် ကမ်းလှမ်းမှုကိုလည်း ဒီဂီယာ က စဉ်းစားနေဆဲပင်ဖြစ်ရာ သူ၏အနာဂတ်စီမံကိန်းမှာ ဘောလုံးပရိသတ်များ အတွက် ပဟေဠိဖြစ်နေဆဲပင်ဖြစ်သည်။

**မေလှဲ့သင်း**

# စီးရီးအေ ရင်ခုန်သံ – ၃

ရှိုင်းမင်းမင်း




*အီတလီစီးရီးအေပွဲစဉ် ၃ ကို စက်တင်ဘာ ၁၂၊ ၁၃၊ ၁၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ လက်ရှိအချိန်မှာတော့ ချန်ပီယံဂျူဗင်တပ်ဟာ နိုင်ပွဲမရသေးပါဘူး။ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးရှုံးနိမ့်ထားတယ်။ ဒါကြောင့် ဂျူဗင်တပ်အနေနဲ့ ပြန်လည်ကျင်းပပြုလုပ်မယ့် ပွဲစဉ် ၃ မှာ နိုင်ပွဲစတင်ရယူနိုင်မလားဆိုတာ စောင့်ကြည့်သွားရဖို့ရှိတယ်။*

**ဖီယိုရင်တီနာ - ဂျီနိုအာ ည ၁၀း၃၀ (၁၂-၉-၁၅)**

ဖီယိုရင်တီနာဟာ အဖွင့်ပွဲစဉ်မှာ အေစီမီလန်ကို အနိုင်ရခဲ့ပေမယ့် ဒုတိယပွဲစဉ်မှာတော့ တိုရီနိုကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတယ်။ ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ကစားရဖို့ရှိတယ်။ ဒါပေမယ့် ဖီယိုရင်တီနာဟာ အိမ်ကွင်းခြေ ကောင်းမွန်တတ်တဲ့အပြင် ဂျီနိုအာရဲ့ခြေကလည်း သာမန်သာရှိတယ်။ ဒါကြောင့် ဖီယိုရင်တီနာတို့ ကပ်နိုင် သွားနိုင်တယ်။

**ဖရိုစီနိုနီ - ရိုးမား ည ၁၀း၃၀ (၁၂-၉-၁၅)**

တန်းတက် ဖရိုစီနိုနီရဲ့ခြေစွမ်းက အားနည်းမှုများ လွန်းပါတယ်။ နှစ်ပွဲကစားအပြီးမှာ နှစ်ပွဲစလုံးရှုံးနိမ့်ထားပြီး ခံစစ်ကလည်းတည်ငြိမ်မှုမရှိပါဘူး။ ရိုးမားက လက်ရှိအချိန်မှာ ခြေစွမ်းထင်သလောက်မကောင်းသလို ချန်ပီယံလိဂ်ပွဲလည်းရှိတယ်ဆိုပေမယ့် ဒီလိုပွဲမျိုးမှာ အမှားခံမှာ မဟုတ်ဘူး။

**ဂျူဗင်တပ် - ခီယေဗို နံနက် ၁း၁၅ (၁၃-၉-၁၅)**

ခီယေဗိုရဲ့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ နှစ်ပွဲကစား နှစ်ပွဲစလုံးနိုင်ထားတယ်။ လာဇီယိုကို လေးဂိုးပြတ်နိုင်တဲ့ပွဲမှာဆိုရင် ခီယေဗိုရဲ့အသင်းလိုက်ကစားပုံ သိပ်ကောင်းခဲ့တယ်။ ဂျူဗင်တပ်ကတော့ ချန်ပီယံလိဂ်ရှိတယ်။ ဒါပေမယ့် နိုင်ပွဲမရှိသေးလို့ ဂျူဗင်တပ် အားစိုက် ကစားမှာဖြစ်ပါတယ်။

**ဗီရိုနာ - တိုရီနို ညနေ ၅း၀၀ (၁၃-၉-၁၅)**

ဗီရိုနာရဲ့ခြေက ရာသီအစမှာ ပျက်ယွင်းနေတယ်။ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးအနိုင်မရခဲ့ဘူး။ တိုရီနိုကတော့ လက်ရှိရာသီအစမှာ ခြေတည်ငြိမ်နေတယ်။ နှစ်ပွဲကစား နှစ်ပွဲလုံးအနိုင်ရထားတယ်။ ဖီယိုရင်တီနာကို နိုင်ခဲ့တဲ့ပွဲမှာ တိုရီနိုရဲ့ကစားပုံကောင်းခဲ့လို့ ဒီပွဲမှာလည်း ခြေသာမန်သာရှိတဲ့ ဗီရိုနာကို တံ့ပြန်ဖိအားပေး အနိုင်ယူသွားနိုင်မှာပါ။

**အမ်ပိုလီ - နာပိုလီ ည ၇း၃၀ (၁၃-၉-၁၅)**

နာပိုလီက နည်းပြအပြောင်းအလဲအောက်မှာ ခြေတည်ငြိမ်မှုမရှိသေးဘူး။ နှစ်ပွဲကစား နိုင်ပွဲမရှိသေးတာတွေ့ရတယ်။ ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ပွဲ ကစားရဖို့ရှိတယ်။ ဒါပေမယ့် အမ်ပိုလီကလည်း ခြေစွမ်းအရ အားနည်းလွန်းပြီး ပွဲတိုင်းရှုံးထားရတယ်။ နိုင်ပွဲစရဖို့ အားစိုက်လာမယ့် နာပိုလီကပ်နိုင်သွားဖို့ရှိတယ်။

**ပါလာမို - ကာပီ ည ၇း၃၀ (၁၃-၉-၁၅)**

တန်းတက်အသင်းတွေထဲမှာ ကာပီက ခြေစွမ်းအားအနည်းဆုံးအသင်းဖြစ်တယ်။ အထူးသဖြင့် ခံစစ်ပိုင်း ကျစ်လျစ်မှုမရှိလို့ ပါလာမိုရဲ့ ဖိအားပေးမှုကို ထိန်းချုပ်ဖို့ခက်မယ်။ တိုက်စစ်ပိုင်းအနည်းငယ်အားနည်းပေမယ့် ခြေစွမ်းပိုင်းကောင်းတဲ့ အပြင် အိမ်ကွင်းလည်းဖြစ်တဲ့ ပါလာမိုကပဲ အနိုင်ရယူသွားဖို့ရှိပါတယ်။

**ဆမ့်ဒိုးရီးယား - ဘလော့ညာ ည ၇း၃၀ (၁၃-၉-၁၅)**

ဆမ့်ဒိုးရီးယား ခြေမဆိုးဘူး။ ခံစစ်ပိုင်းအားနည်းပေမယ့် တိုက်စစ်ပိုင်းက ထက်မြက်မှုရှိတယ်။ အထူးသဖြင့် ဆမ့်ဒိုးရီးယားဟာ အိမ်ကွင်းခြေကောင်းမွန်မှုရှိတယ်။ ဘလော့ညာကတော့ တိုက်စစ်ပိုင်းအားနည်းမှုရှိသလို နှစ်ပွဲကစား နှစ်ပွဲလုံးရှုံးနိမ့်ထားတယ်။ အိမ်ကွင်းမှာ ဆမ့်ဒိုးရီးယားပဲ အနိုင်ရသွားဖို့ရှိတယ်။

**ဆာစူအိုလို - အတ္တလန္တာ ည ၇း၃၀ (၁၃-၉-၁၅)**

ဆာစူအိုလိုခြေမဆိုးဘူး။ နှစ်ပွဲမှာ နှစ်ပွဲစလုံး အနိုင်ရထားတယ်။ တိုက်စစ်ပိုင်းက သာမန်သာရှိပေမယ့် ခံစစ်ကစားပုံမဆိုးဘူး။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် ခြေစွမ်းသာမန်သာရှိတဲ့ အတ္တလန္တာကို ထိန်းချုပ်သွားနိုင်မှာပါ။ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်နေတဲ့ ဆာစူအိုလိုကပဲ အိမ်ကွင်းမှာ နိုင်ပွဲရသွားဖို့ရှိတယ်။

**လာဇီယို - အူဒီးနီးစ် ည ၁၀း၃၀ (၁၃-၉-၁၅)**

လာဇီယိုက စီးရီးအေစအဖွင့်မှာ ခြေမငြိမ်ဘူး။ ဘာလော့ညာကို အနိုင်ရခဲ့ပေမယ့် ခီယေဗိုကို ဂိုးပြတ်ရှုံးခဲ့ရ တယ်။ အထူးသဖြင့် လာဇီယိုရဲ့ ခံစစ်က မငြိမ်သလို ယူရိုပါလိဂ်ကစားရဖို့လည်းရှိတယ်။ ဒါပေမယ့် အူဒီးနီးစ်ကလည်း ခြေစွမ်းသာမန်သာရှိသလို ကွင်းကလည်း လာဇီယိုကွင်းဖြစ်နေတယ်။ ဒါကြောင့် လာဇီယိုနိုင်ပွဲ ပြန်ရဖို့ရှိတယ်။

**အင်တာမီလန် - အေစီမီလန် နံနက် ၁း၁၅ (၁၄-၉-၁၅)**

မီလန်ဒါဘီပွဲစဉ်ဖြစ်တာကြောင့် အကြိတ်အနယ်ရှိမှာပါ။ လက်ရှိအချိန်မှာ အင်တာမီလန်ရဲ့ ရလဒ်ပိုင်းက အေစီမီလန်ထက် ပိုကောင်းပေမယ့် အသင်းလိုက်ကစားအား ကွာဟမှုမရှိပါဘူး။ နှစ်သင်းစလုံးဥရောပ ပွဲစဉ်တွေမရှိတာကြောင့်လည်း ခြေကုန်ထုတ်ကြမှာပါ။ သရေကျဖို့များသလို သွင်းဂိုးလည်းနည်းရှိဖို့ရှိတယ်။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## အမြန်မမောင်းကောင်းတဲ့ အမြန်လမ်းနဲ့ ပတ်သက်လို့...

ဆူဒိုနင်

**ယခင်ပတ်မှအဆက်**

ယာဉ်မောင်းတယ်ဆိုတာ အတွေ့အကြုံအရမ်းလိုပါတယ်။ ရှေ့မှာ ဘာအဆီးအတားမှမရှိ ဘာမမျှော်လင့်တာမှ မကြုံရရင် အဲလိုရှေ့တိုး နောက်ဆုတ်လောက် မောင်းတတ်သူအနေနဲ့ မြိတ်ကနေ ပူတာအိုအထိတောင် မောင်းနိုင်ပါလိမ့်မယ်။ ဒါပေမယ့် လက်တွေ့ဘဝမှာတော့ လမ်းမှာကြုံရမှာတွေက အများကြီးပါ။ အဲဒါတွေကို ကျော်လွှားဖို့ကျတော့ အတွေ့အကြုံနဲ့ အလေ့အကျင့်က စကားပြောပါတယ်။

ယာဉ်မောင်းသက် ရင့်လာတဲ့အခါ အလိုအလျောက် တုံ့ပြန်မှုတွေက အသားသေလာပါတယ်။ လမ်းကွေ့မှာ အရှိန်လျှော့တာ၊ တစ်ခုခုရှေ့မှာ ဖြတ်သွားတာ ရိပ်ခနဲမြင်လိုက်တာနဲ့ ဘရိတ်ပေါ်ခြေထောက်အလိုလို ရောက်သွားတာ၊ နောက်ကြည့်မှန်ကို ဖျတ်ခနဲ ဖျတ်ခနဲ ကြည့်တတ်တာများဟာ အလိုအလျောက် တုံ့ပြန်မှုတွေပါ။ ယာဉ်မောင်းသက် နုတုံးမှာ အဲသလို တုံ့ပြန်ချက်တွေက လေးလံနေဆဲဖြစ်ပါတယ်။ သို့သော် လူဆိုတာကလည်း အခက်သားကလား၊ အတွေ့အကြုံနုပေမယ့် သူများလည်း သည်လမ်းပေါ် မောင်းနေတာပဲ၊ ကိုယ်မောင်းလည်း ဘာမှမဖြစ်လောက်ပါဘူးဆိုတဲ့ အတွေးမျိုးနဲ့ အမြန်လမ်းပေါ် ရောက်ကုန်တတ်ကြပြန်တယ်။

အလားတူပဲ၊ ကိုယ်က ကျော်တက်ရင် ဘယ်လို ဂရုတစိုက်ကျော်ရမယ်၊ ကိုယ့်ကို ကျော်တဲ့အခါ ဘယ်လိုသတိမျိုးနဲ့ လမ်းပေးရမယ်ဆိုတာတွေကလည်း အတွေ့အကြုံပေါ်မှာ တည်ပါတယ်။

အတွေ့အကြုံနုနယ်သေးတဲ့ ယာဉ်မောင်းတွေအနေနဲ့ အဲဒီ အမြန်လမ်းပေါ် အရဲကိုးပြီး တက်မမောင်းသင့်သေးပါဘူး။

(၃) ကားရဲ့ ကြံ့ခိုင်မှုကို ဂရုပြုဖို့ လိုပါတယ်။ တာယာတွေက အဓိကပါပဲ။ တာယာတွေရဲ့ သက်တမ်းကို တွက်ဆတတ်ဖို့ လိုပါတယ်။ တာယာတွေမှာ ထုတ်လုပ်တဲ့ ခုနှစ်ပါတယ်။ အဲဒါကို ကြည့်တတ်ဖို့ လိုသလို ကိုယ့်ကား တာယာရဲ့ အနေအထားကိုလည်း စစ်ဆေးဖို့ လိုပါတယ်။

ကားအောက်ပိုင်းလို့ ခေါ်တဲ့ တိုင်းရော့(ဒ်)တွေ၊ ဘော(လ်)ဂျိုင့်(ထ်)တွေ၊ ဒူးဆစ်တွေ၊ ရှော့(ခ်) အက်(ဘ်)ဇော်ဘာ တွေကိုလည်း စစ်ဆေးထားဖို့ လိုပါတယ်။

တကယ်တော့ ယာဉ်မောင်းကျွမ်းကျင်သူတစ်ယောက်ဟာ အာရုံ လေးပါးနဲ့ မောင်းရတာပါ။ ယာဉ်မောင်းရင်း မူမမှန်တဲ့ အနံ့တွေ၊ အသံတွေ၊ စတီယာရင်ပေါ်က အတွေ့အထိ၊ ခြေနင်းပေါ်က အတွေ့အထိတွေကို သိနေမှ ကိုယ့်ကားအခြေအနေကို မှန်းဆနိုင်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် မူမမှန်တဲ့ အသံတွေကို ဂရုစိုက်ဖို့ လိုပါတယ်။

(၄) ခုခေတ်ကားတွေက လေအေးစက်တွေနဲ့ ဖြစ်ပါတယ်။ လေအေးစက်ဖွင့်ပြီး မှန်အလုံပိတ်ထားတဲ့အခါ ကိုယ့်ကားအရှိန်က ဘယ်အထိရောက်နေပြီမှန်း မိုင်နှုန်းပြကို တစေ့တစောင်းကြည့်မနေရင် သတိမထားမိနိုင်ပါဘူး။ ကျွန်တော်ကိုယ်တိုင် ၁၂၀-၁၃၀ လို့ ထင်နေရာက တကယ်တမ်းမှာ ၁၆၀ ကျော်သွားခဲ့ဖူးကြောင်း ရှေ့မှာ ပြောခဲ့ပြီးပါပြီ။

တချို့ကားတွေမှာ အလိုအလျောက် အရှိန်ထိန်းတဲ့ စနစ်ပါပါတယ်။ ကီလို ၁၀၀ မှာ ချိန်ထားရင် ကုန်းတက်ဖြစ်ဖြစ်၊ ကုန်းဆင်းဖြစ်ဖြစ် ကီလို ၁၀၀ မှာ တစ်သမတ်တည်း ဖြစ်နေအောင် အလိုအလျောက် ထိန်းပေးထားတာပါ။ ကိုယ်ကြိုက်တဲ့ နှုန်းမှာ ချိန်ထားလို့ ရပါတယ်။ အမြန်လမ်းမှာဆိုရင်တော့ အဲဒီစနစ်ပါတဲ့ ကားသာဆိုရင် အဲလို ချိန်ပြီး မောင်းတာ အကောင်းဆုံးပါပဲ။ ကီလို ၁၀၀ နှုန်းဟာ ရန်ကုန်-နေပြည်တော် လမ်းပိုင်းက အကွေ့တွေအတွက် ဘရိတ်နင်းစရာ မလိုဘဲ အသာလေး ကွေ့သွားနိုင်အောင် အဆင်ပြေတဲ့နှုန်း ဖြစ်ပါတယ်။

ကားအများစုမှာက အဲဒီစနစ်မပါပါဘူး။ ဒါ့ကြောင့် ကိုယ့်အရှိန်ကို မျက်ခြေမပြတ် သတိထားနေဖို့ လိုပါတယ်။

ပြောမယ်ဆိုရင်တော့ သည်လမ်းပေါ် မောင်းနေချိန်မှာ တစ်ချက်မှ သတိလစ်လို့ မဖြစ်ပါဘူး။ စိတ်နဲ့ လူနဲ့ မမြဲတတ်သူတွေဟာ သည်လမ်းပေါ်မှာ ယာဉ်ကို မမောင်းသင့်ဘူးလို့တောင် အပြတ်အသားပြောလည်း ပြောလိုက်ချင်လှပေမယ့် ပြောလည်း မပြောရဲဘူးခင်ဗျ။

**ခရီးသည်တင် ယာဉ်တွေ**

ရန်ကုန်-မန္တလေး အမြန်လမ်း(ဟုခေါ်တွင်သော)မှာ ကိုယ်ပိုင်ယာဉ်ငယ်များကို အပြိုင်လိုက်ပြီး မတော်တဆမှု အကြီးစားတွေ ဖြစ်ဖြစ်ပြနေတာက ခရီးသည်တင် ယာဉ်တွေပါ။

(၁) ယာဉ်မောင်းသက် ဘယ်လောက်ကြာကြာ၊ တစ်လမှာ အဲဒီလမ်းပေါ် အကြိမ် ၂၀ - ၃၀ ပဲ သွားထားထား ကိုယ့်ကိုယ်ကိုယ် တတ်လှကျွမ်းလှ ပိုင်လှပြီဆိုပြီး ထင်တစ်လုံးနဲ့ ကျဲတဲ့အခါ ဖြစ်ချင်ရာဖြစ်ကုန်တတ်ပါတယ်။ ခရီးသည်တင် ယာဉ်မောင်းတွေ မလွဲမသွေ သတိထားသင့်တဲ့အချက်က မိမိတို့ရဲ့ လက်ထဲမှာ အသက်ပေါင်း များစွာ အပ်နှံထားတယ်ဆိုတာပါပဲ။ ကိုယ့်ရဲ့ ပေါ့လျော့မှု၊ သတိလစ်ဟာမှုများကြောင့် ခရီးသည်တွေ မထိခိုက်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကာကွယ်ရမယ်ဆိုတဲ့ အသိက ယာဉ်မောင်းတိုင်းမှာ ရှိနေသင့်တယ်လို့ မြင်မိပါတယ်။

> အမှန်တကယ် ကျွမ်းကျင်ပြီး ယာဉ်မောင်းသက် အနည်းဆုံး ၇ နှစ်လောက်ရှိသူတွေကိုမှ ယာဉ်လိုင်းတွေက ခရီးသည်တင်ယာဉ်များကို မောင်းနှင်စေသင့်ပါတယ်။

(၂) ယာဉ်မောင်းနေစဉ် တယ်လီဖုန်း ပြောကြတဲ့အကြောင်း၊ တချို့ယာဉ်မောင်းတွေဆို မောင်းရင်းနဲ့ အင်တာနက်ပါ သုံးချင်သုံးတတ်ကြတဲ့ အကြောင်း ပုံနဲ့တကွတင်ထားတာတွေ လူမှုမီဒီယာတွေမှာ တွေ့ဖူးပါတယ်။

တယ်လီဖုန်း ပြောနေသူ ယာဉ်မောင်းတစ်ယောက်ဟာ အရက်မူးနေသူလောက်တောင် စိတ်မချရပါဘူး။ သူ့အာရုံက ပြောနေတဲ့စကားနဲ့ အကြောင်းအရာပေါ်မှာ အပြည့်ရှိနေမှာမို့ပါ။ မူးနေသူကမှ မူးမူးရူးရူးနဲ့ မောင်းနေသည့်တိုင် ကားမောင်းနေသေးတယ်ဆိုတဲ့ သတိလေး အနည်းနဲ့ အများ ကပ်နေနိုင်ပါသေးတယ်။ ယာဉ်မောင်းရင်း ဖုန်းပြောကြတဲ့ အခါ နားကြပ်ကို သုံးပြီး ပြောမယ်ဆိုရင် အများကြီး သက်သာနိုင်ပါသေးတယ်။ အခုဟာက ရန်ကုန်မြို့လယ်မှာတောင်မှ နားကြပ်မသုံးဘဲ ဖုန်းကိုင်ပြီး ပြောနေသူတွေကို အားတိုင်း တွေ့နေရပါတယ်။ ခရီးသည်တင်ယာဉ် မောင်းသူတွေအနေနဲ့ကတော့ တယ်လီဖုန်းကို လုံးဝမသုံးတာ အကောင်းဆုံးပဲလို့ ယူဆပါတယ်။ အဲဒါကို ကားဂိတ်တွေက ကြပ်မတ်ပေးသင့်ပါတယ်။ ယာဉ်မောင်းရဲ့ တယ်လီဖုန်းကို အသံပိတ်ထားပြီး ယာဉ်နောက်လိုက်လက်ထဲကို အပ်နှံထားတာမျိုးနဲ့ကြပ်မတ်ပေးရင် ကောင်းမယ် ထင်ပါတယ်။

(၃) နောက်တစ်ချက်က ယာဉ်မောင်းတွေရဲ့ ပုဂ္ဂလိက ဘဝနဲ့ သက်ဆိုင်ပါလိမ့်မယ်။ ယာဉ်မောင်းတွေရဲ့ နားချိန်မှာ သူတို့တွေ ဘာလုပ်နေကြသလဲဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။ နားချိန်မှာ မနားဘဲ တခြား အလုပ်တစ်ခုခုကိုဖြစ်ဖြစ်၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ညဥ့်နက်သန်းခေါင်တိုင်အောင် အပျော်ကျူးနေတာပဲဖြစ်ဖြစ် လုပ်ထားမယ်ဆိုရင် အဲဒီယာဉ်မောင်း တာဝန်ကျလို့ ကားတက်မောင်းချိန်မှာ ဘယ်လိုနည်းနဲ့မှ လန်းဆန်းနေမှာ မဟုတ်တော့ပါဘူး။ သည်အခါ အထက်မှာ ဆွေးနွေးခဲ့တဲ့ လမ်းရဲ့ ပျင်းစရာ အခြေအနေက ယာဉ်မောင်းကို သတိလစ်သွားအောင် စွမ်းဆောင်နိုင်ပါလိမ့်မယ်။

(၄) အမှန်တကယ် ကျွမ်းကျင်ပြီး ယာဉ်မောင်းသက် အနည်းဆုံး ၇ နှစ်လောက် ရှိသူတွေကိုမှ ယာဉ်လိုင်းတွေက ခရီးသည်တင်ယာဉ်များကို မောင်းနှင်စေသင့်ပါတယ်။ တစ်ခါတလေ ယာဉ်နောက် လိုက်က ယာဉ်မောင်းနဲ့ ပေါင်းပြီး ယာဉ်မောင်းလေ့ကျင့်တာမျိုးလည်း လုပ်တတ်ကြတယ်လို့ ကြားသိရပါတယ်။ အဲဒါ သိပ်အန္တရာယ်များပါတယ်။ ခရီးသည်တွေ လိုက်ပါ စီးနင်းနေချိန်မှာ အဲဒါမျိုးကို လုံးဝမလုပ်နိုင်အောင် တစ်နည်းနည်း ကြံဆောင် ကြပ်မတ်သင့်ပါတယ်။

**ကုန်တင်/ခရီးသည်တင် ယာဉ်မောင်းများအတွက် ဥရောပသမဂ္ဂရဲ့ စည်းမျဉ်း**

ခရီးသည်တင်ယာဉ်တွေ၊ ကုန်တင်ယာဉ်တွေ မောင်းနှင်ကြသူများအတွက် ဥရောပသမဂ္ဂမှာ စည်းမျဉ်း ၅၆၁/၂၀၀၆ နဲ့ အတိအလင်း ပြဋ္ဌာန်းထားတာ ရှိပါတယ်။

ကျွန်တော်တို့နဲ့ ဥရောပသမဂ္ဂနဲ့ ဘာဆိုင်လို့လဲလို့ မေးစရာ ရှိပါတယ်။ ဟုတ်ကဲ့ မဆိုင်ပါဘူး။ သို့သော် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေက လူတွေလည်း အသက်နဲ့လူသားတွေ ဖြစ်သလို ကျွန်တော်တို့ နိုင်ငံက လူတွေလည်း သွေးနဲ့ သားနဲ့အသက်နဲ့ လူသားတွေ ဖြစ်နေတာကတော့ ငြင်းမရတဲ့ အချက်ပါ။ အဲတော့ သူတို့ရဲ့အသက်ကို ဉာဏ်နဲ့ဘယ်လိုစောင့်ရှောက်သလဲဆိုတာ သိထားရင် ကျွန်တော်တို့တွေလည်း အတုခိုးလိုက်နာ ပြဋ္ဌာန်းသင့်တယ်လို့ ယူဆလို့ ဒါကိုအစထုတ်လိုက်တာပါ။

အဲဒီစည်းမျဉ်းထဲက အဓိကအချက်တွေကို အောက်မှာ ကောက်နုတ်ဖော်ပြလိုက်ပါတယ်-

(၁) ယာဉ်မောင်းတစ်ဦးဟာ မနားတမ်း မောင်းချိန် ၄ နာရီခွဲထက် မပိုရပါဘူး။ လေးနာရီခွဲ ပြည့်တာနဲ့ အနည်းဆုံး ၄၅ မိနစ် နားရပါမယ်။ သို့ပေမယ့် အဲဒီ ၄၅ မိနစ်ကို နှစ်ကြိမ်ခွဲနားနိုင်ပါတယ်။ ပထမတစ်ကြိမ်ဟာ အနည်းဆုံး ၁၅ မိနစ် ဖြစ်သင့်သလို ဒုတိယနားချိန်ဟာ အနည်းဆုံးနာရီဝက်ဖြစ်ရပါမယ်တဲ့။

(၂) ယာဉ်မောင်းတစ်ဦးရဲ့ တစ်နေ့တာ မောင်းချိန်စုစုပေါင်းဟာ ၉ နာရီထက်မပိုရပါဘူး။ ခြွင်းချက်အဖြစ် သိပ်လိုအပ်ရင် တစ်နေ့ကို ၁၀ နာရီအထိ ခွင့်ပြုပေမယ့် တစ်ပတ်အတွင်းမှာတော့ အများဆုံး ၁၀ နာရီ မောင်းတာ နှစ်ကြိမ်ကိုသာ ခွင့်ပြုပါတယ်။

(၃) ယာဉ်မောင်းတစ်ဦးရဲ့ တစ်ပတ်တာ ယာဉ်မောင်းချိန်ဟာ ၅၆ နာရီထက် မပိုရပါဘူး။ ဒါ့အပြင် နှစ်ပတ်တာအတွင်း မောင်းနှင်ချိန်ဟာ နာရီ ၉၀ ထက် မပိုရဘူးလို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ တစ်ပတ်ကို ၅၆ နာရီထက် မပိုရဘူး ဆိုလို့ နှစ်ပတ်ကို ၁၁၂ နာရီ မောင်းနိုင်တယ်လို့ ယူဆကုန်မှာစိုးလို့ နှစ်ပတ်ကို နာရီ ၉၀ ထက် မပိုစေရလို့ သတ်မှတ်ထားခြင်းဖြစ်ပါတယ်။

(၄) ၂၄ နာရီအတွင်းမှာ ယာဉ်မောင်းတစ်ဦးဟာ နားချိန် ၁၁ နာရီ အနည်းဆုံးရှိရပါမယ်။ အဲဒါကို နှစ်ပိုင်းခွဲချင်ရင် ပထမနားချိန် သုံးနာရီ ဆက်တိုက်၊ ဒုတိယ နားချိန် ၉ နာရီဆက်တိုက်နဲ့ စုစုပေါင်း ၁၂ နာရီ နားရပါမယ်။

(၅) တကယ်လို့ ကုန်တင်/ခရီးသည်တင် မော်တော်ယာဉ်တစ်စီးမှာ ယာဉ်မောင်းနှစ်ဦးပါလာမယ်ဆိုရင်လည်းပဲ မောင်းချိန် နားချိန် သတ်မှတ်ချက်များဟာ အထက်ကဖော်ပြထားတဲ့အတိုင်းသာ ဖြစ်ပါတယ်။

သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေနဲ့ အလားတူ စည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်ပြီး ကြပ်ကြပ်မတ်မတ် လုပ်သွားမယ် ဆိုရင် အမြန်လမ်းနဲ့တကွ အခြားလမ်းအထွေထွေမှာ လူအများရင်ဆိုင်နေရတဲ့ အန္တရာယ်တွေကို လျှော့ချနိုင်သွားမယ်လို့ မြင်မိရပါတယ်။

ဒါတွေကို လိုက်နာမလိုက်နာ စစ်ဆေးဖို့အတွက်ကတော့ ခေတ်မီ နည်းပညာတွေရှိပါတယ်။ Tachograph လို့ ခေါ်တဲ့ စနစ်နဲ့ ကုန်တင်/ခရီးသည်တင် ယာဉ်များဆီက ယာဉ်မောင်းတစ်ဦးစီရဲ့ နားချိန်၊ မောင်းချိန်၊ မောင်းနှင်ထားတဲ့ ခရီးအကွာအဝေး စတာတွေကို စစ်ဆေးနိုင်ပြီး ဥရောပသမဂ္ဂကိုဖြစ်စေ၊ တခြားနိုင်ငံတစ်ခုခုကိုဖြစ်စေ အကူအညီတောင်းမယ်ဆိုရင် အဲဒီစနစ်တွေကို တပ်ဆင်ပြီး လက်တွေ့အသုံးပြုလာနိုင်မယ်လို့ ယူဆပါတယ်။

**ရှေးဦးသူနာပြုကိစ္စ**

ခရီးသည်တင် ယာဉ်တိုင်းမှာ ရှေးဦးသူနာပြုရာမှာ အသုံးပြုနိုင်တဲ့ ပစ္စည်းထုတ် (ဆေးသေတ္တာ) ပါရှိသင့်ပါတယ်။ ဒါ့အပြင် ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်များ အားလုံးကို ရှေးဦးသူနာပြုသင်တန်းတွေ စဉ်ဆက်မပြတ် တက်ခိုင်းထားခြင်းအားဖြင့် ကိုယ့်ယာဉ် ဘာမှမဖြစ်ရင်တောင်မှ လမ်းမှာကြုံတွေ့ရတဲ့ တခြားထိခိုက်ဒဏ်ရာရသူတွေကို ကူညီစောင့်ရှောက်ပေးနိုင်သွားကြမှာပါ။ ဒါကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကြီးကြပ်ရေးအဖွဲ့များက ဂရုတစိုက် ကြပ်မတ် လုပ်ဆောင်ပေးသွားကြမယ်ဆိုရင်ဖြင့် အင်မတန် သာဓုခေါ်ထိုက်တဲ့ ကောင်းမှုတစ်ခု ဖြစ်လာပါလိမ့်မယ်လို့ မြင်မိရပါတယ်။

**နိဂုံး**

၂၀၀၉ ခုမတ်လမှာ ရန်ကုန်-နေပြည်တော် လမ်းပိုင်းကို စတင်ဖွင့်လှစ်အသုံးပြုခဲ့ပြီး ၂၀၁၀ ပြည့် မတ်လမှာ နေပြည်တော်-မန္တလေး လမ်းပိုင်းကို ဆက်လက်ဖွင့်လှစ်ခဲ့တာမို့ သည်အမြန်လမ်းရဲ့ သက်တမ်းဟာ ငါးနှစ်ကျော်ခြောက်နှစ်တာကာလကို ရောက်ရှိခဲ့ပါပြီ။ သည်သက်တမ်းအတွင်း သည်လမ်းမှာ သေကျေပျက်စီးမှုတွေ၊ ထိခိုက်ဒဏ်ရာရမှုတွေရဲ့ စာရင်းကိုတော့ သက်ဆိုင်ရာများက ထုတ်ပြန်ထားပါတယ်။ ကျွန်တော့်ဆီမှာအသင့်ရှိ မနေတဲ့အတွက် အဲဒီကိန်းဂဏန်းတွေကို မဖော်ပြနိုင်ပါဘူး။

သချာတာကတော့ သည်အမြန်လမ်းကို ပြည်ပသတင်းမီဒီယာတွေက သေမင်းတမန်အဝေးပြေးလမ်းရယ်လို့ ခေါ်တွင် ရေးသားနေကြတဲ့အထိ သည်ကာလတိုအတွင်း သည်လမ်းပေါ်က မတော်တဆမှုတွေကို မနိုင်ရင်ကာ များပြားလွန်းနေပါတယ်။

ဒါတွေကို ဘယ်လို ကာကွယ်သွားကြမယ်၊ ဘယ်လို လုပ်ကိုင်ဆောင်ရွက်သွားသင့်တယ်ဆိုတာ ပြည်တွင်း ပြည်ပပညာရှင်များအကူအညီနဲ့ သုတေသနတွေ၊ စစ်တမ်းတွေ သေချာကောက်ယူကာ စီမံချက်တွေရေးဆွဲ၊ ချမှတ်၊ အကောင်အထည် ဖော်သင့်တဲ့အချိန်က တိုင်ရုံမကလို့ တအားတောင် ကျော်လွန်နေပြီ ဖြစ်တဲ့အကြောင်း ပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောကလည်း မပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်တဲ့စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနဲ့ ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။

# ပြည်သူများ၏အခြေခံလိုအပ်ချက်များ လျင်မြန်ပြီးပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**မြဝတီ စက်တင်ဘာ ၁၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်ရှိပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန်၊ ပြည်သူ့ဝန်ဆောင်မှု စုပေါင်းရုံး (One Stop Shops)ကို စတင်ဖွင့်လှစ်ထားရာ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ အဆင်ပြေလွယ်ကူလျက်ရှိပြီး ပိုမိုလျင်မြန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအားလည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးသိုက်စိုးမိုးက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းမှ ပို့ချချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ စုပေါင်းရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း စုစုပေါင်းဌာန ခုနစ်ခုဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတို့ကို တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ခုနစ်ရွာဆိုင်ဆုတောင်းပြည့်စေတီတော် ဘုရားပွဲတော်စည်ကားစွာကျင်းပ

**မြင်းခြံ စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာတွင် တည်ရှိသော ကျေးရွာခုနစ်ရွာဆိုင် ဆုတောင်းပြည့်စေတီတော် ဘုရားပွဲတော်အား စက်တင်ဘာ ၇ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါဆုတောင်းပြည့် စေတီတော်မြတ်ကြီးကို မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရသာ၊ ဖက်ရင်း၊ လေးတန်း၊ လယ်ကျဉ်းဦး၊ သညစ်ကန်၊ ကတက်ပင်၊ တိုက်ရွာအစရှိသော ကျေးရွာခုနစ်ရွာမှ ဝါခေါင်လပြည့်ကျော် ၈ ရက်တွင် ဆွမ်းကြီးလောင်းလှူပွဲအား ဘုရားဝင်းအတွင်း၌ လှည့်လည်လောင်းလှူကြကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဒီဘုရားပွဲတော်ကြီးကို ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဆွမ်းလောင်းလှူပွဲကျင်းပခဲ့ပါတယ်။ အခုနှစ်မှာလည်း ဆရာတော်၊ သံဃာတော် ၄၆ ပါးကို ဆွမ်း၊ ဆေး၊ ဆပ်ပြာ၊ မုန့်အစရှိသော လှူဖွယ်ပစ္စည်းအမျိုးမျိုးကို ဘုရားဝင်းအတွင်း၌ လောင်းလှူကြပါတယ်။

"ခုနစ်ရွာဆိုင် ဘုရားပွဲဖြစ်တာကြောင့် အနယ်နယ်အရပ်ရပ်ကို ရောက်ရှိနေတဲ့ ရွာသူရွာသားတွေကလည်း ပွဲတော်ရက်ရောက်ရင်ကား၊ ဆိုင်ကယ်၊ လှည်းများနဲ့ မိမိတို့ မွေးရပ်မြေကိုပြန်လာပြီးတတ်နိုင်သော လှူဖွယ်ပစ္စည်းတွေလောင်းလှူကြပါတယ်။ဘုရားဝင်းအတွင်းမှာလည်း တိုးမပေါက်အောင်စည်ကားပါတယ်။

"ရွာခံများကမြန်မာရိုးရာ မုန့်ပဲသရေစာများဖြစ်သော မုန့်ကြက်ဥ၊ စာလေးခွေ၊ ပေါက်ပေါက်ဆုပ်၊ မုန့်ဆီကြော်၊ မုန့်ဖက်ထုပ် အစရှိတာတွေကို ကိုယ်တိုင်ပြုလုပ်၍ လောင်းလှူကြပါတယ်။ ပွဲတော်ရက်များမှာလည်း မည်သည့်ဒေသမှ လာရောက်တဲ့ မည်သည့်ဧည့်သည်မဆို ထမင်း၊ ဟင်းများ အခမဲ့လာရောက်သုံးဆောင်နိုင်ပါတယ်။

"ချစ်စရာကောင်းသော မြန်မာတို့ရဲ့ ဓလေ့တစ်ခုဖြစ်ပါတယ်။ အခုနှစ်မှာလည်း မန္တလေးမြို့က ရွှေတော်ဝင် ဇာတ်အဖွဲ့နဲ့ ဝါခေါင်လပြည့်ကျော် ၇၊ ၈ ရက်ညများမှာ နှစ်ညတိုင်တိုင် ဧည့်ခံဖျော်ဖြေမှာ ဖြစ်ပါတယ်"ဟု ဖက်ရင်းကျေးရွာမှ ဒေသခံရပ်မိရပ်ဖတစ်ဦးကပြောကြားသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# ကျေးရွာမြေများ နှစ် ၃၀ မြေငှားဂရန်ထုတ်ပေးနိုင်ရန် ကွင်းဆင်း ဆောင်ရွက်

**မောက်မယ် စက်တင်ဘာ ၁၁**

ကျေးရွာမြေများနှစ် ၃၀ မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးလှဝင်း ဦးဆောင်သောဝန်ထမ်းများအဖွဲ့သည် စဥ့်ဝင်ကျေးရွာအုပ်စု စေတီဖြူကျေးရွာသို့ စက်တင်ဘာ ၉ ရက်တွင် မြေငှားဂရန် ထုတ်ပေးနိုင်ရန် ဒေသခံများနှင့် သွားရောက်ဆွေးနွေးကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကားပြောကြားပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးလှဝင်းက နှစ် ၃၀ မြေငှားဂရန် ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်ပြီး ကျေးရွာနေပြည်သူများအား ဆွေးနွေးရှင်းလင်းပြောကြားသည်။

ထို့နောက် စေတီဖြူကျေးရွာ၌ မြေပြင်ထိမ်းမှတ် (GCP) ပွိုင့်ချထာခြင်း၊ အမြဲမြေတိုင်းမှတ်တိုင်များစိုက်ထူခြင်းနှင့် ခေတ်မီမြေတိုင်းကိရိယာများဖြင့် မြေတိုင်းတာခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**



**Myanmar-Japan SEDA** မှ
အောက်ပါသင်တန်းများ စက်တင်ဘာလတွင်
ဖွင့်လှစ်ပါမည်။
1.JLPT Exam (N5)Practice sat, sun (9:00am~12:00pm)
2.IELTS Class (4skills)sat, sun (3:00pm~5:00pm)
ဆက်သွယ်ရန် - အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။
**Ph-01-246636, 253177, 384309**

**N-Car Company** မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်။
1. Office Staff (computer ကျွမ်းကျင်)
2. Sales and marketing
3. ကိုရီးယားစကားပြန်
အတွေ့အကြုံရှိသူကိုဦးစားပေးမည်၊ CV Form နှင့်တကွ လာလျှောက်ရန်။ အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူ ဦးစားပေးမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၁၆၀၄၂၈၂၊ ၀၉-၄၂၂၅၁၇၅၆၂
လိပ်စာ- အမှတ်(၈)၊ **A-1**လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ။

**ဒေါ်မြမြကြွယ်[၁၂/ဗဟန(နိုင်)၀၃၅၉၂၉]နှင့် အများသိစေရန်ကြေညာခြင်း**
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၅၁)လမ်း၊ ၈-လွှာ(အေ)၊ အမှတ်(၁၈၁)နေ ဦးအောင်ခိုင်[၁၂/အစန(နိုင်)၁၆၆၁၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။
ကျွန်ုပ်မိတ်ဆွေ၏ဇနီးဖြစ်သူ ဒေါ်မြမြကြွယ်သည် ကျွန်ုပ်မိတ်ဆွေအား အသိပေးအကြောင်းကြားခြင်းမရှိ သဘောတူခွင့်ပြုချက်လည်းတောင်းခံခြင်းမပြုဘဲ အောက်ဖော်ပြပါ ပစ္စည်းများ၏ စာချုပ်စာတမ်းမူရင်းများကို ယူဆောင်၍ နေအိမ်မှဆင်းသွားပါသည်။
(၁) အခန်းအမှတ်-၁၈၁- ၈လွှာ(အေ)၊ (၅၁)လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
(၂) အခန်းအမှတ်-၁၀၃၊ ပ-ထပ်၊ ဝေပုလ္လအိမ်ရာ၊ အဆောက်အအုံအမှတ်-A4၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
(၃) အမှတ်-၄၂၁၊ နေကြာ(၁)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
(၄) ကားနံပါတ် 9I/7788 TOYOTA KLUGER ငွေရောင်။
(၅) ကားနံပါတ် CC 5033 TOYOTA COROLLA FIELDER အဖြူရောင်။
သို့ပါ၍ အထက်ပါ ပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အခြားသူတစ်ဦးဦးသို့ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံတင်သွင်းခြင်းများမပြုရန် တားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာထွေး(စဉ်-၈၉၅၇) LL.B, D.B.L, WIPO(Genever)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈(ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၀၆၁၅၈၊ ၀၉-၄၂၁၇၄၅၆၁၉**

**အကြင်လင်မယားအဖြစ်မှ ပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်းနှင့် ဦးစိုင်းဝင်းမြင့်ထွန်း(ခ)အားချန့်အား အိမ်သို့အမြန်ဆက်သွယ်ပြန်လာပါရန်ကြေညာခြင်း**
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၅၅၈)နေ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်မျိုးသက်(ခ)ဖူးဖူး[၁၁/မပတ(နိုင်)၀၃၅၇၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်မျိုးသက်(ခ)ဖူးဖူးသည် ၈-၈-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၂၆ နှင့် ၉-၈-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာ၊ စာမျက်နှာ(၅) တို့တွင် ထည့်သွင်းကြေညာခဲ့သည့် ကြေညာချက်များမှာ ခင်ပွန်းဖြစ်သူ ဦးစိုင်းဝင်းမြင့်ထွန်း(ခ) အားချန့်အနေဖြင့် နေအိမ်မှ ဆင်းသွားသည့်အပေါ် အခိုက်အတန့်စိတ်ဆိုးဒေါသထွက်မိ၍ နှစ်ဦးနှစ်ဖက် အထင်အမြင်လွဲမှားပြီး ကြေညာမိခြင်းဖြစ်သည့်အပြင် ကျွန်ုပ်တို့၏ မိတ်ဆွေအနေဖြင့် အိမ်ထောင်ရေးပြိုကွဲလိုသည့် ဆန္ဒမရှိသည့်အတွက် ဦးစိုင်းဝင်းမြင့်ထွန်း(ခ)အားချန့်အနေဖြင့် နေအိမ်သို့ အမြန်ဆုံးပြန်လာပါရန်၊ အမြန်ဆုံး ဆက်သွယ်ပေးပါရန်နှင့် နှစ်ဦးနှစ်ဖက် ဂုဏ်သိက္ခာထိခိုက်ခြင်းမရှိစေရန် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းထားသော ကြေညာချက်များအား ပြန်လည် ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။
ဒေါ်ခင်မျိုးသက်(ခ)ဖူးဖူး၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးသော်ဇင် | ဦးငြိမ်းချမ်းထွေး | ဦးစွမ်းထက်ပိုင် |
| **LL.B** (၁၁၈၅၄) | **LL.B** (၂၉၃၃၉) | **LL.B** (၄၀၇၉၅) |
| ဖုန်း-၀၉ ၄၃၀၆၄၂၈၁ | ဖုန်း-၀၉ ၄၂၀၀၁၆၆၇၉ | ဖုန်း-၀၉-၄၃၀၉၄၆၇၂ |

**(အထက်တန်းရှေ့နေများ)**
**တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

**လူပျောက်ကြော်ငြာ**

